ရန်ကုန်မြို့သာသနာရိပ်သာ၌
ဝိပဿနာကမ္မဋ္ဌာန်းစတင်ပြခဲ့သည်မှ/၂၅နှစ်အတွင်း
နှစ်ပတ်လည်

မဟာစည်

ဩဝါဒကထာပေါင်းချုပ်။



ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌

ဝိပဿနာကမ္မဋ္ဌာန်း စတင်ပြုခဲ့သည်မှ

၂၅-နှစ်အတွင်း နှစ်ပတ်လည်

မဟာစည်

ဩဝါဒကထာပေါင်းချုပ်



သာသနာ ၂၅၂၂ ကောဇာ ၁၃၄၀

ဩဝါဒ—က [ဒုတိယအကြိမ်]

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့်အမှတ် [၁၁၄၀၇]

ဒုတိယအကြိမ်

—

အုပ်ရေ-၅၀၀၀

—

၁၉၇၉-ခု

—

ဇန္နဝါရီလ

—

အဖုံးရိုက်-ချင်းတွင်း

—

ဘလောက်-လွင်

—

စာအုပ်ချုပ်-အေးမိသားစု

—

ဓမ္မဒါန

ဦးမျိုးတင့် (ကင်းလွတ်ခွင့်အမှတ်-၀၄၇၉၄) သာသနာ့ရိပ်သာ၊ သာသနာ့ရိပ်သာလမ်း၊ ရွှေကုံတိုင်၊ ရန်ကုန်မြို့က ထုတ်ဝေ၍၊ ဦးတင်မောင် (၀၂၅၆-မြ) စာပေပေါင်းကူး စာပုံနှိပ်တိုက်၊ အမှတ်-၉၀၊ အောဘီ၊ ဝေဇယန္တာလမ်း၊ (ဂ) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့၊ ရန်ကုန်က-ပုံနှိပ်သည်။



ဆဋ္ဌသင်္ဂါဘိပုဋ္ဌက အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး

နိဒါန်း

ဘဝတူ သဗ္ဗမင်္ဂလံ၊

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌ ဝိပဿနာတရား ပြသတော်မူသည်မှာ ၁၃၃၆-ယခုနှစ် နတ်တော်လပြည့်နေ့၌ (၂၅) နှစ် ပြည့်မြောက်ပါသည်၊ ယင်း (၂၅) နှစ် အတွင်း၌ သြဝါဒခံယူပူဇော်ပွဲပေါင်း (၂၄) ကြိမ် ကျင်းပခဲ့ပါသည်။

၁၃၁၂-ခုနှစ် ပဌမအကြိမ် ကျင်းပသော သြဝါဒ ခံယူပူဇော်ပွဲမှတပါး ၁၃၁၃-ခုနှစ်မှစ၍ ကျင်းပခဲ့သော သြဝါဒခံယူပူဇော်ပွဲတို့၌ နယ်လေးရပ်မှ ရဟန်းရှင်လူ ယောဂီအပေါင်းတို့ ပျားပန်းခပ်မျှ ထောင်ပေါင်းများစွာ လာရောက် သြဝါဒခံယူ ပူဇော်ကြပါသည်။

ထို့နှစ်မှစ၍ ရှမ်း, ပလောင်, ကယား စသော ပြည်နယ် ရဟန်းရှင်လူ ယောဂီအပေါင်းတို့လည်း လာရောက် သြဝါဒခံယူပူဇော်ကြသောကြောင့် တချို့နှစ်များ၌ ပရိသတ်များလွန်းသဖြင့် ရှမ်း, ပလောင် ရဟန်းရှင်လူ ယောဂီတို့အား သြဝါဒခံယူပူဇော်ရန် တရက်သီးခြား စီစဉ်ပေးရသည်လည်း ရှိခဲ့ပါသည်။

[ဃ] မဟာစည် သြဝါဒကထောပေါင်းချုပ်

သြဝါဒခံယူ ပူဇော်ပဲ့ကျင်းပသော အကြိမ်တိုင်းပင် မြန်မာနိုင်ငံအရပ်ရပ်၌ရှိသော ကျေးဇူးတော်ရှင် မဟာစည် သြဝါဒခံကမ္မဋ္ဌာန်းဌာနများ စာရင်း၊ တရားအားထုတ်ပြီးသော ယောဂီစာရင်းတို့ကိုတင်ပြလျှောက်ထားလေ့ရှိခဲ့ရာ ပြီးခဲ့သော ၁၃၇၅-ခုနှစ် (၂၄) ကြိမ်မြောက် သြဝါဒခံယူပူဇော်ပဲ့ ကျင်းပခဲ့စဉ်က မြန်မာနိုင်ငံ အရပ်ရပ်၌ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ သြဝါဒခံ ကမ္မဋ္ဌာန်းဌာနပေါင်း (၂၀၉) ဌာနရှိခဲ့သည်ကိုလည်းကောင်း၊ တရားအားထုတ်ပြီး ရဟန်း ရှင် လူ ယောဂီပေါင်း ၇၄၇၃၆၄-ဦး ရှိခဲ့သည်ကိုလည်းကောင်း တင်ပြလျှောက်ထားခဲ့ပါသည်။

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် နှစ်လည်သြဝါဒခံယူပူဇော်ပဲ့ကျင်းပတိုင်းပင် အကြိုနေ့ ညဘက်၌ ကမ္မဋ္ဌာနာစရိယဆရာတော်များနှင့် ရဟန်းတော်တို့အား သီးခြား သြဝါဒ ပေးတော်မူသည့်အပြင် အခမ်းအနား ကျင်းပသည့်နေ့၌လည်း၊ ရဟန်းရှင်လူ ယောဂီ မြောက်များစွာတို့အား မှတ်သားလွယ်ကူအောင် ဆောင်ပုဒ်များ ပို့ချ၍ သြဝါဒပေးသနားတော်မူလေ့ရှိခဲ့ပါသည်။

ဤစာအုပ်မှာ (၂၄) ကြိမ်မြောက်အထိ ကျင်းပပြီးခဲ့သော သြဝါဒခံယူပူဇော်ပဲ့တို့၌ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူခဲ့သော သြဝါဒတော်များနှင့် ၁၃၇၆-ယခုနှစ်၌ မိန့်ကြားတော်မူမည့် သြဝါဒတော်တို့ကိုပါ

တလုံးတစည်းတည်း စုပေါင်း၍ ပုံနှိပ်ပြီးလျှင် ခုနစ်သိန်းကျော်သော တရားအားထုတ်ပြီး ယောဂီများ, အားထုတ်ဆဲယောဂီများနှင့် အားထုတ်လတ္တံ့သော ယောဂီအပေါင်းတို့ ပြန်လည် ဖတ်ရှုနာကြားနိုင်ကြရန် အလို့ငှါ (၂၅) နှစ်မြောက် ငဋရတုပွဲအမှီ ဖြန့်ချိအပ်ပါသတည်း။

မဂ်လာပါခင်ဗျား

မဂ်လာအောင်မြင့်

မဟာစည်ကျမ်းစာများ ပုံနှိပ်ရေးအကျိုးဆောင်

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ ရန်ကုန်မြို့

၁၃၃၆-ခု၊ နတ်တော်လပြည့်နေ့

မဟာစည် သြဝါဒကထာပေါင်းချုပ်

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
၁၃၁၂-ခုနှစ်	ယမှာ ဓမ္မံ ဂါထာတရားတော်	၂
၁၃၁၃-ခုနှစ်	မဟာပစ္စဝေက္ခဏာ (၇)ပါး တရားတော်	၃
၁၃၁၄-ခုနှစ်	ယင်း တရားပင် ထပ်ဟောသည်	၈
၁၃၁၅-ခုနှစ်	သြဝါဒပါတိမောက် တရားတော်	၈
၁၃၁၆-ခုနှစ်	ယင်းတရားပင် ထပ်ဟောသည်	၁၀
၁၃၁၇-ခုနှစ်	ယင်း တရားနှင့် အကျဉ်းချုပ် သြဝါဒသုံးပါး	၁၀
၁၃၁၈-ခုနှစ်	ယင်း တရားနှင့် ကုမ္ဘူပမံဂါထာ တရားတော်	၁၁
၁၃၁၉-ခုနှစ်	ယင်း တရားနှင့် အရှင်မဟာကဿပ ရသည့် သြဝါဒသုံးပါး	၁၂
၁၃၂၀-ခုနှစ်	ကုမ္ဘူပမံဂါထာတရားနှင့် သြဝါဒသုံးပါး ၂-ရပ်	၁၃
၁၃၂၁-ခုနှစ်	မဟာပစ္စဝေက္ခဏာစသည်	၁၅
၁၃၂၂-ခုနှစ်	စက္ကဝတ္တိသုတ်တရားတော်	၁၆
၁၃၂၃-ခုနှစ်	သီလဝန္ဂ-သုတဝန္တသုတ်တရားတော်	၁၉
၁၃၂၄-ခုနှစ်	မဟာပစ္စဝေက္ခဏာစသည်	၂၁

အခြေခံအရာ		စာမျက်နှာ
၁၃၂၅-ခုနှစ်	ပဋိပတ္တိပူဇနာကာရတရားတော်	.... ၂၁
၁၃၂၆-ခုနှစ်	ယင်း တရားပင် ထပ်ဟောသည်	.... ၂၅
၁၃၂၇-ခုနှစ်	အရိယာပုဂ္ဂိုလ်တရားတော်	.... ၂၅
၁၃၂၈-ခုနှစ်	အရိယာ(၇)ပါးတရားတော်	.... ၃၀
၁၃၂၉-ခုနှစ်	အရိယာပုဂ္ဂိုလ်တရားတော်ပင် ထပ်ဟောသည်	.... ၃၃
၁၃၃၀-ခုနှစ်	ကျောင်းအနုမောဒနာနှင့် ဩဝါဒ	.... ၃၃
၁၃၃၁-ခုနှစ်	ဓမ္မဒါယာဒသုတ် တရားတော်	.... ၃၈
၁၃၃၂-ခုနှစ်	အကျယ်ဝေဘန်ချက်နှင့် ယင်း တရားတော်ပင်	.... ၄၁
၁၃၃၃-ခုနှစ်	အနာဂတဘယသုတ္တန်တရားတော်	.... ၄၅
၁၃၃၄-ခုနှစ်	ယင်း တရားတော်ပင် ထပ်ဟောသည်	.... ၄၈
၁၃၃၅-ခုနှစ်	ဂေါလိယာနိသုတ်-ရဟန်းကောင်း ကျင့်စဉ်တရားတော်	.... ၄၈
၁၃၃၆-ခုနှစ်	ဩဝါဒပါတိမောက်နှင့် ယင်းဂါထာ တို့၏ အနက်	.... ၅၀
	ရည်ရွယ်ချက် ပြည့်စုံသော ဩကာသ ကန်တော့ခန်း	.... ၅၅

မာတိကာ ပြီး၏။



ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌ ဝိပဿနာကမ္မဋ္ဌာန်း
စတင်ပြခဲ့သည်မှ ၂၅-နှစ်အတွင်း နှစ်ပတ်လည်

မဟာစည် ဩဝါဒကထာ ပေါင်းချုပ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌ ၁၃၁၁-ခုနှစ် နှတ်တော်လပြည့်နေ့တွင် ဓမ္မစကြာသုတ် တရားတော်ကြီးကို ဟောကြားခြင်း ကမ္မဋ္ဌာန်းဋ္ဌာနအဖြစ် စတင် ဖွင့်လှစ်ခဲ့သည်။ ထိုနေ့မှ စ၍ တရားအားထုတ်ကြသော ပဌမဆုံး ယောဂီများမှာ ၂၅-ဦးရှိခဲ့သည်။ နေ့စဉ်လိုလိုပင် ယောဂီအသစ်များ လာရောက်၍ အားထုတ်ကြသဖြင့် ၁၃၁၂-ခု နှတ်တော်လသို့ ရောက်သော အခါ ယောဂီပေါင်း (၅၀၆) ယောက် ရှိခဲ့လေသည်။

ဩဝါဒ—၁ [ဒုတိယအကြိမ်]

ထိုအခါမှာ တလ နှစ်လ စသည် အားထုတ်ပြီး၍ ပြန်သွားကြသော ယောဂီဟောင်းတို့အား မိမိတို့ အားထုတ်ခဲ့ရာ ဌာနသို့ ရောက်၍ ယခင်က အားထုတ်ခဲ့ပုံကို ပြန်လည် သတိရလျက် စိတ်အား တက်ကြွစေရန်နှင့် ယောဂီ အဟောင်း အသစ်များ အချင်းချင်း တွေ့ဆုံ၍ မိတ်သင်္ဂဟဖြစ်လျက် စည်းလုံးညီညာ ပဋိပတ္တိသာသနာကို အားပေးပြုစုနိုင်ကြစေရန် ရည်သန်ချက်ဖြင့် နှစ်ပတ်လည် ယောဂီ အစည်းအဝေးပွဲကို ကျင်းပစေခဲ့သည်။ ထို အစည်းအဝေးပွဲ၏ အမည်ကိုလည်း ဒါယကာကြီး ဆာဦးသွင်၏ လျှောက်ထားချက်အရ သြဝါဒ ခံယူပူဇော်ပွဲဟု ခေါ်တွင်စေခဲ့သည်။

၁၃၁၂-ခုနှစ် နတ်တော်လပြည့်နေ့၌ ယင်းနှစ်ပတ်လည် သြဝါဒခံယူပူဇော်ပွဲကို ပဌမအကြိမ်အဖြစ် စတင်၍ ကျင်းပခဲ့သည်၊ ထိုပူဇော်ပွဲ၌ အောက်ပါ ဓမ္မပဒ ဂါထာကို အခြေခံ၍ သြဝါဒတရားကို ဟောကြားခဲ့သည်။

ယမှာ ဓမ္မံ ဝိဇာနေယျ၊ သမ္မာသမ္ဗုဒ္ဓ ဒေသိတံ။
သက္ကစ္စံ တံ နမဿေယျ၊ အဂ္ဂိဟုတ္တံဝ ပြာဟုဏော။

သမ္မာသမ္ဗုဒ္ဓဒေသိတံ-မြတ်စွာဘုရား ဟောကြားအပ်သော၊ ဓမ္မံ-ဝိပဿနာနှင့် အရိယမဂ်ဖိုလ်တရားကို၊ ယမှာ-အကြင်ဆရာ့ထံမှ ကြားနာရ၍၊ ဝိဇာနေယျ-မှန်ကန်ကျန သိရသည် ဖြစ်ငြားအံ့၊ တံ-ထိုသို့သိအောင် ထုတ်ဆောင်ညွှန်ပြ ဆုံးမသင်ကြားပေးသော၊ ဆရာကို၊ သက္ကစ္စံ-ရိုသေစွာ၊ နမဿေယျ-ရှိခိုးပူဇော်ရာ၏။ ကိမိဝ-

အဘယ်ကဲ့သို့နည်းဟူမူ၊ ပြာဟ္မဏော-မီးကို ပူဇော်ခြင်းဖြင့် ဗြဟ္မာလောကသို့ ရောက်သည်ဟု ယုံကြည်သော ပုဏ္ဏားသည်၊ အဂ္ဂိဟုတ္တံ-ပူဇော်အပ်သောမီးကို၊ သက္ကစ္စံ-ရိုသေစွာ၊ နမဿတိ ဣဝ-ရှိခိုးပူဇော်သကဲ့သို့ပင် ရှိခိုးပူဇော်ရာသတည်း။

၁၃၁၃-ခုနှစ်မှာ အရေးကြီးသော ယောဂီများ အစုံအညီ တက်ရောက်နိုင်စေရန် စောင့်ဆိုင်း နေရသဖြင့် ပြာသို့လဆုတ် (၈) ရက်နေ့ကျမှ (၂) ကြိမ်မြောက် နှစ်ပတ်လည် သြဝါဒခံယူပူဇော်ပွဲကို ကျင်းပရသည်။ ထိုသြဝါဒခံယူပူဇော်ပွဲ၌ မူလပဏ္ဏာသပါဠိတော် ကောသမ္မိယသုတ်မှ သောတာပန်ပုဂ္ဂိုလ်၏ မဟာပစ္စဝေက္ခဏာ (၇) ပါးကို သြဝါဒအဖြစ်ဖြင့် ဟောကြားခဲ့သည်။ ထိုစဉ်အခါက ပုံနှိပ်၍ ဝေငှခဲ့သော ဆောင်ပုဒ်စာမူမှာ အောက်ပါအတိုင်းပင် ဖြစ်သည်။

၂-နှစ်မြောက် သြဝါဒ ခံယူပူဇော်ပွဲတွင် ကျင်းပရှင်
မဟာစည်ဆရာတော်ဘုရားကြီး
အထူး ဟောကြားတော်မူသော
မူလပဏ္ဏာသပါဠိတော် ကောသမ္မိယသုတ်
သောတာပန်၏ မဟာပစ္စဝေက္ခဏာ (၇) ပါး
(ဆောင်ပုဒ်များ)

၁။ ဆိတ်ငြိမ်ရာတွင်၊ ချဉ်းကပ်ဝင်၍၊ ဆင်ခြင် ရှုကြည့်၊
ဖြစ်ပျက်မှီ၊ အသိ ရှင်းသည်သာ။

ယထာဘူဘ၊ မသိရအောင်၊ ထကြွလွှမ်းမိုး၊ ကိလေဆိုး၊ ဖြစ်ရိုးမရှိပါ။

ဤသို့ သိရ၊ ပဌမ၊ ပစ္စဝေက္ခဏာ။

ဤဆောင်ပုဒ်များဖြင့် အကျဉ်းချုပ် ဆိုလိုသည်မှာ— သောတာပန် အစစ်အမှန်ပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်၍ မိမိရှုမြဲတရားကို ရှုမှတ်နှလုံးသွင်းနေလျှင် နီဝရဏကိလေသာများ ကင်းက၃ သမာဓိရလျက် ဖြစ်ပျက်နေသော ရုပ်နာမ်တရား တို့ကို ရှင်းလင်းစွာသိရမြဲ ဖြစ်သည်။ ထိုသို့ မသိနိုင်အောင် တားမြစ်နှောင့်ယှက်တတ်သော နီဝရဏကိလေသာ တရားဆိုး များ မဖြစ်လာပဲ ကင်းငြိမ်းနေမြဲဖြစ်သည်။ ဤသို့ သိရခြင်းသည် သောတာပန်ပုဂ္ဂိုလ်၏ ပဌမ မဟာပစ္စဝေက္ခဏာ ဖြစ်သည်ဟု ဆိုလို၏။

၂။ မဂ်သိပြီးဟန်၊ ဝိပသ်ဉာဏ်၊ ဖန်ဖန်မှီဝဲကာ။

အကြမ်း-အနု၊ ကိလေစု၊ ငြိမ်းမှု ထင်ရှားရာ။

ဤသို့ သိရ၊ ဒုတိယ၊ ပစ္စဝေက္ခဏာ။

ဤ ဆောင်ပုဒ်များဖြင့် ဆိုလိုသော အကျဉ်းချုပ်မှာ— အရိယမဂ်သို့ ရောက်ပြီးသည်မှ နောက်ကာလ၌ ရှုမှတ်တိုင်း စဉ်းစားဆင်ခြင်ကြည့်တိုင်း အနိစ္စ ဒုက္ခ အနတ္တ အသိများသည် ရှင်းလင်းလျက် ရှိ၏။ ထို အသိများကို မှီဝဲရသည့် အတွက် ကိလေသာငြိမ်းမှုကို ရပါ၏လောဟု ရှုမှတ် ဆင်ခြင်ကြည့်လျှင် ရှုမှတ်ဆင်ခြင်နေသောကာလ၌ လောဘ ဒေါသ စိတ်ကူးအကြမ်း

များး ကင်းနေသည်ကိုလည်း တွေ့ရ၏၊ ရှုမှတ်မိသော အာရုံ တိုင်း၌ အနုသယကိလေသာ ကင်းငြိမ်းနေသည်ကိုလည်း တွေ့ရ၏၊ ဒိဋ္ဌဝိစိကိစ္ဆာစသော ကင်းသင့်သည့် ကိလေသာများး ကင်းနေ သည်ကိုလည်း တွေ့ရ၏။ ဤသို့ သိရခြင်းသည် ဒုတိယ ပစ္စဝေက္ခဏာ ဖြစ်သည်ဟု ဆိုလို၏။

၃။ ရှုမှတ်သိရ၊ ဤလမ်းမှ၊ ပြင်ပ တခြားမှာ။
ကိလေငြိမ်းဘိ၊ မြတ်အရိ၊ မရှိ ဆုံးဖြတ်ရာ။
ဤသို့ သိရ၊ တတိယ၊ ပစ္စဝေက္ခဏာ။

ဖြစ်တိုင်းသော ရုပ်နာမ်တို့ကို ရှုမှတ်၍ သိရသော ဤ သာသနာမှ အပြင်ပ၌ မိမိကဲ့သို့ ကိလေသာငြိမ်းသော အရိယာပုဂ္ဂိုလ် ရှိသေးသလောဟု ဆင်ခြင် ကြည့်လျှင် မရှိဟု သိမြင်သဘောကျ၏၊ ဤသို့ သိမြင်သဘောကျ ခြင်းသည် တတိယ ပစ္စဝေက္ခဏာ ဖြစ်သည်ဟု ဆိုလို၏။

၄။ ကုစားနိုင်ကောင်း၊ အာပတ်ပေါင်း၊ တိမ်းစောင်း ရောက်သေးရာ။
မဖုံးကွယ်ပဲ၊ ကုစားမြဲ၊ နောင်လဲ စောင့်ရှိုးပါ။
ဤသို့ သိရ၊ စတုတ္ထ၊ ပစ္စဝေက္ခဏာ။

ဤ ဆောင်ပုဒ်များဖြင့် ရဟန်း အရိယာ၏ ဆင်ခြင်ပုံကို ပြသည်။ အရိယာရဟန်းမှာ အစိတ္တကအာပတ် အသေးအငယ် များး သင့်ရောက်တတ်သေး၏။ သို့သော် ထို အာပတ်များကို

ဖုံးကွယ်မထားပဲ လျင်မြန်စွာ ကုစား၏၊ နောင်အခါ၌လည်း တဖန် မလွန်ကျူးမိအောင် ရှိသေစွာ စောင့်ရှောက်၏၊ လူဝတ်ကြောင် သောတာပန်မှာလည်း အပါယဂမနီယ မဟုတ်သော အကုသိုလ်အမှုများ မကင်းသေးသော်လည်း ထိုအကုသိုလ် အမှုများကို ဝန်ခံသင့်သောအခါ၌ မဖုံးကွယ်ပဲ ဝန်ခံနိုင်ရာ၏၊ နောင်အခါ၌လည်း စောင့်ရှောက်နိုင်ရာ၏။ သောတာပန်သည် ဆင်ခြင်ကြည့်လျှင် ဤဖြစ်မြဲရိုးရာ ဓမ္မတာနှင့် ပြည့်စုံကြောင်း သိရ၏။ ဤသို့ သိရခြင်းသည် စတုတ္ထ ပစ္စဝေက္ခဏာ ဖြစ်သည်ဟု ဆိုလို၏။

၅။ ရှောင်လွဲမရ၊ မှုကိစ္စ၊ ပြုရလေသောခါ။
သိက္ခာသုံးပါး၊ ကျင့်ရန်ကား၊ စိတ်အားထက်သန်စွာ။
ဤသို့သိရ၊ ပဉ္စမ၊ ပစ္စဝေက္ခဏာ။

ဤ ဆောင်ပုဒ်များဖြင့် ဆိုလိုသော အကျဉ်းချုပ်မှာ—ကိစ္စကြီးငယ်ကို မလွဲသာ၍ ပြုလုပ်နေရသော်လည်း သောဘာပန် ရဟန်းမှာ သိက္ခာသုံးပါးကျင့်ရန် စိတ်ဆန္ဒ ထက်သန်လျက်ရှိ၏၊ အလုပ်လုပ်ယင်းလည်း စွမ်းနိုင်သမျှ ရှုမှတ်လျက်ရှိ၏၊ ဆင်ခြင်ကြည့်လျှင် ဤဓမ္မတာနှင့် ပြည့်စုံသည်ကိုလည်း တွေ့ရ၏။ ဤသို့ သိရခြင်းသည် ပဉ္စမ ပစ္စဝေက္ခဏာဖြစ်သည်ဟု ဆိုလို၏။

၆။ ဗုဒ္ဓဟောထား၊ မြတ်တရား၊ နာကြားရသောခါ။
လုံးစုံမကြွင်း၊ နှလုံးသွင်း၊ နာခြင်း အားကောင်းစွာ။
ဤသို့သိရ၊ ဆဋ္ဌမ၊ ပစ္စဝေက္ခဏာ။

တရားတော်ကို စကားလုံးတိုင်း မကျန်မလွတ်ရအောင် ရိုသေစွာ နားစွင့်၍ နာခြင်းသည် အရိယာ၏ ခွန်အားတခု ဖြစ်သည်၊ ထိုခွန်အားနှင့် ပြည့်စုံကြောင်းကိုလည်း သိရ၏။ ဤသို့ သိရခြင်းသည် ဆဋ္ဌမ ပစ္စဝေက္ခဏာ ဖြစ်သည်ဟု ဆိုလို၏။

၇။ ဗုဒ္ဓဟောထား၊ မြတ်တရား၊ နာကြားရသော၁ခါ။
အနက်သိမြင်၊ စိတ်ကြည်ရွှင်၊ ကိုယ်တွင် သိမ့်သိမ့်ဖြာ။

ဤသို့သိရ၊ သတ္တမ၊ ပစ္စဝေက္ခဏာ။

ဘုရားဟော တရားတော်ကို နားလည်နိုင်လောက်သော စကားဖြင့် ဟောကြားသည်ကို နာရသောအခါ အနက်အဓိပ္ပါယ် ဒေသနာအစဉ်ကို သဘောပေါက်၍ ဝမ်းမြောက်မှု ပီတိဖြစ်လျက် ကိုယ်ထဲ၌ တသိမ့်သိမ့် ကြက်သီးမွေးညှင်း ထလျက် ရှိတတ်၏၊ ထိုသို့ဖြစ်ခြင်းသည် အရိယာ၏ ခွန်အား တခုပင် ဖြစ်သည်၊ ထို ခွန်အားနှင့် ပြည့်စုံကြောင်းကိုလည်း သိရ၏။ ဤသို့ သိရခြင်းသည် သတ္တမ ပစ္စဝေက္ခဏာ ဖြစ်သည်ဟု ဆိုလို၏။

နိဂုံး–ပစ္စဝေက္ခဏာ၊ ခုနစ်ဖြာ၊ ညီစွာဖြစ်ပါမူ။
အရိယာမှန်၊ သောတာပန်၊ ဧကန်ဆုံးဖြတ်ယူ။

(အဓိပ္ပါယ် ဖွင့်ပြချက်များမှာ ဆောင်ပုဒ် မဟုတ်၊ ငွေ့ရတူ သဘင် ယခုအခါမှာမှ ဖြည့်စွက် ပြချက်များ ဖြစ်သည်)။

၁၃၁၄-ခုနှစ် နတ်တော်လဆုတ် ၄-ရက်နေ့၌ ၃-ကြိမ်မြောက်နှစ်ပတ်လည် သြဝါဒခံယူပူဇော်ပွဲကို ကျင်းပသည်။ ထို ပူဇော်ပွဲ၌ ၁၃-ခုနှစ်က မဟာပစ္စဝေက္ခဏာ တရားတော်ကိုပင် ထပ်မံ၍ ဟောကြားခဲ့သည်။

*

၁၃၁၅-ခုနှစ် နတ်တော်လဆုတ် (၇)ရက်နေ့၌ ၄-ကြိမ်မြောက် နှစ်ပတ်လည် သြဝါဒ ခံယူပူဇော်ပွဲကို ကျင်းပသည်။ ထို သြဝါဒခံယူပူဇော်ပွဲ၌ သြဝါဒပါတိမောက် ဂါထာမျှားနှင့် ယင်းတို့၏ မြန်မာပြန် ဆောင်ပုဒ်များကို အရင်းခံပြု၍ သြဝါဒ တရားကို ဟောကြားခဲ့သည်။ တိုစဉ်အခါက ပုံနှိပ်၍ ဝေငှသော ဆောင်ပုဒ်စာမူမှာ အောက်ပါအတိုင်းပင် ဖြစ်သည်။

၁၃၁၅-ခုနှစ် နတ်တော်လဆုတ် (၇)ရက်နေ့
(၄)ကြိမ်မြောက်
နှစ်ပတ်လည် သြဝါဒ ခံယူပူဇော်ပွဲတွင်
မဟာစည် ဆရာတော်ဘုရား ဟောကြားတော်မူသော
ဘုရားရှင်တို့၏
သြဝါဒပါတိမောက်တရားတော်

(၁) ခန္တီ ပရမံ တပေါ တိတိက္ခာ၊
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။

ဩဝါဒ ပါတိမောက် တရားတော်

နဟိ ပဗ္ဗဇိတော ပရူပဃာတီ၊
နသမဏော ဟောတိ ပရံ ဝိဟေဌယန္တော။
သညံးခံကျင့်သုံး အမြတ်ဆုံးပေ။
နိဗ္ဗာန် မြတ်လှ ဗုဒ္ဓ မိန့်ပေ။
*ရဟန်းမှန်လျှင်း မညှဉ်းတတ်ပေ၊
ညှဉ်းဆဲက သမဏ မဟုတ်ချေ။

(၂) သဗ္ဗပါပဿ အကရဏံ၊
ကုသလဿူ ပသမ္ပဒါ။
သစိတ္တ ပရိယောဒပနံ၊
ဧတံ ဗုဒ္ဓါန သာသနံ။

မကောင်းမှုများ ရှောင်ရှားပယ်လေ၊
ကုသိုလ်တရား ဖြစ်ပွါးစုံစေ။
မိမိစိတ်ဓာတ် ဆွတ်ဆွတ်ဖြူစေ၊
ဤသုံးပါး ဘုရားဆုံးမပေ။

(၃) အနူပဝါဒေါ အနူပဃာတော၊
ပါတိမောက္ခေ စ သံဝရော။
မတ္တညုတာ စ ဘတ္တသ္မိံ၊
ပန္တဉ္စ သယနာသနံ။
အဓိစိတ္တေ စ အာယောဂေါ၊
ဧတံ ဗုဒ္ဓါန သာသနံ။

သူ့ကိုစပ်စဲ့ ညှဉ်းဆဲကင်းစေ၊
ကိုယ်ကျင့်သီလ လုံးဝလုံစေ။
အစာဥလဲ သိမြဲ တိုင်းရှေ၊
လူသူဆိတ်တောင်း တောကျောင်းမှာနေ။
စိတ်မြတ်လုပ်ငန်း ကြိုးပမ်းပါလေ၊
ဤခြောက်ပါး ဘုရားဆုံးမပေ။

* အဋ္ဌကထာ၌ ဖွင့်ပြသော ၃-နည်းတို့ဟူ၍ ပဌမနည်း အရ ပြန်ချက်ဖြစ်သည်၊ တတိယနည်း အရအားဖြင့် (ရဟန်း မှန်လတ် မသတ်တတ်ပေ) ဟူ၍လည်း ပြင်ဆိုနိုင်၏။

*

၁၃၁၆-ခုနှစ် နတ်တော်လဆုတ် (၂) ရက်နေ့၌ ၅-ကြိမ်မြောက် နှစ်ပတ်လည် ဩဝါဒခံယူပူဇော်ပွဲကို ကျင်းပသည်။ ထိုစဉ်အခါက ပါဠိတော် သံဂါယနာ ဒုတိယသန်းပါတနှင့် တိုက်ဆိုင်လျက်ရှိ၍ သံဂါယနာ၌ အမေးပုစ္ဆက တာဝန်ဆောင်ရန် ရှိနေသဖြင့် အချိန်များစွာ မရသောကြောင့် ယခင်နှစ်က ဩဝါဒ ပါတိမောက်ကိုပင် အကျဉ်းချုပ် ဟောကြား၍ သံဂါယနာအစည်းအဝေးသို့ သွားရသည်။ ဩဝါဒခံယူသော ပရိသတ်မှာ ၂၀၀၀-ခန့်ရှိသည်။

*

၁၃၁၇-ခုနှစ် နတ်တော်လဆန်း (၄) ရက်နေ့၌ (၆) ကြိမ်မြောက် နှစ်ပတ်လည် ဩဝါဒ ခံယူပူဇော်ပွဲကို ကျင်းပသည်။

ထိုစဉ်အခါကလည်း ပါဠိတော် သံဂါယနာ စတုတ္ထအကြိမ်နှင့် တိုက်ဆိုင်လျက်ရှိ၍ သံဂါယနာဌ အမေးပုစ္ဆက တာဝန်ဆောင်ရန် ရှိနေသဖြင့် အချိန်မရသောကြောင့် ယခင်နှစ်ကအတိုင်းပင် ဩဝါဒပါတိမောက်ကို အကျဉ်းချုပ် ဟောကြားခဲ့သည်။ ထိုနှစ်က အထူးမှာ အောက်ပါ ဩဝါဒသုံးပါးကို ဖြည့်စွက် ဟောကြားခြင်းပင် ဖြစ်သည်။

အကျဉ်းချုပ် ဩဝါဒသုံးပါး

(၁) အပါယ်ဘေးငြိမ်းခွင့်၊ ဉာဏ်အဆင့်၊ အသင့် ရောက် ပါစေ။

(၂) ထိုဉာဏ်ဖြင့်လဲ၊ မတော်ပဲ၊ ဆင်းရဲငြိမ်းပါစေ။

(၃) ဖြစ်ပေါ်လာငြား၊ စိတ်ကြမ်းများ၊ ပယ်ရှားနိုင် ပါစေ။

*

၁၃၁၈-ခုနှစ် နတ်တော်လဆန်း (၇) ရက်၌ (၇) ကြိမ် မြောက် နှစ်ပတ်လည် ဩဝါဒခံယူပူဇော်ပွဲ ကျင်းပသည်။ ထိုပူဇော်ပွဲတွင်လည်း ယခင် နှစ်များကလိုပင် ဩဝါဒပါတိ-မောက်တရားကို ဟောကြားခဲ့သည်။ အထူးမှာ တရားဆောင်ပုဒ်၏ ကျောဘက်၌ အောက်ပါအတိုင်းလည်း ဖြည့်စွက်၍ ဟော ကြားခဲ့၏။

ဓမ္မပဒပါဠိတော်

ကုမ္ဘူပမံ ကာယမိမံ ဝိဒိတ္ဝာ၊
နဂရူပမံ စိတ္တမိဒံ ဌပေတ္ဝာ။
ယောဓေထ မာရံ ပညာဝုဓေန၊
ဇိတဉ္စ ရက္ခေ အနိဝေသနော သိယာ။

(၁) မြေအိုးသဖွယ်၊ ရုပ်ကိုယ်ဝယ်၊ ပျက်လွယ် သိပါလေ။

(၂) ရှုမှတ်စိတ်မှာ၊ မြို့ပမာ၊ ခိုင်စွာ တည်ရှိစေ။

(၃) ဉာဏ်ဗုံးဖြင့်ခွင်း၊ မာရ်သေမင်း၊ နှိမ်နင်း တိုက်ဖျက်လေ။

(၄) အောင်ပြီးစောင့်မြဲ၊ မရပ်ပဲ၊ တိုက်ပွဲ ပြီးဆုံးစေ။

အကျဉ်းချုပ် သြဝါဒသုံးပါးကိုလဲ ယခင်က အတိုင်းပင် ဟောကြားခဲ့သည်။

*

၁၃၁၉-ခုနှစ် နတ်တော်လဆုတ် (၂) ရက်နေ့၌ (၈) ကြိမ်မြောက် နှစ်ပတ်လည် သြဝါဒ ခံယူပူဇော်ပွဲကို ကျင်းပသည်။ ထို ပူဇော်ပွဲတွင်လည်း ယခင်နှစ်က ဟောခဲ့သော သြဝါဒ-ပါတိမောက်၊ ဓမ္မပဒဂါထာ၊ အကျဉ်းချုပ်သြဝါဒ သုံးပါး

တို့နှင့် အရှင်မဟာကဿပ ရရှိသော ဩဝါဒတော် ၃-ပါးကို ဟောကြားခဲ့သည်။ ယင်း ဩဝါဒတော် ၃-ပါးမှာ အောက်ပါ အတိုင်းပင် ဖြစ်သည်။

အရှင်မဟာကဿပ ရရှိသော ဩဝါဒတော် ၃-ပါး

(၁) သင်္ကြိုး, လတ်, ငယ်၊ အားလုံးဝယ်၊ နှစ်သွယ် ရှက်ကြောက်ထင်ပါစေ။

(၂) ကုသိုလ် ညွှန်ကြား၊ မြတ်တရား၊ လေးစား စူးစိုက် နာယူလေ။

(၃) ကာယဂတာ၊ သတိဟာ၊ သင့်မှာမစွန့် မြဲပါစေ။

(၄) အရှင်မဟာကဿပ၊ လက်ခံ-ရ၊ ဆုံးမ ဩဝါ မြတ်သုံးထွေ။

*

၁၃၂၀-ခုနှစ် နတ်တော်လဆန်း ၁၁-ရက်နေ့၌ ဓ-ကြိမ် မြောက် နှစ်ပတ်လည် ဩဝါဒ ခံယူပူဇော်ပဲ့ကို ကျင်းပသည်။ ထို ပူဇော်ပဲ့၌ ဓမ္မပဒဂါထာကို အရင်းခံပြု၍ ဩဝါဒတရား ဟောကြားခဲ့သည်။ ထိုစဉ်က ပုံနှိပ်၍ ဝေငှသော ဆောင်ပုဒ် စာမူမှာ အောက်ပါအတိုင်းပင် ဖြစ်သည်။

မဟာစည် သြဝါဒကထောပေါင်းချုပ်

၁၇၂၀-ခုနှစ် နတ်တော်လဆန်း(၁၁)ရက်နေ့ (၉.)ကြိမ်မြောက် နှစ်ပတ်လည် သြဝါဒခံယူပူဇော်ပွဲတွင် မဟာစည်ဆရာတော်ဘုရား ဟောကြားတော်မူသော

ဓမ္မပဒဂေါသနာတော်

ကုမ္ဘူပမံ ကာယမိမံ ဝိဒိတ္ဝာ၊
နဂရူပမံ စိတ္တမိဒံ ဌပေတ္ဝာ။
ယောဓေထ မာရံ ပညာဝုဓေန၊
ဇိတဉ္စ ရက္ခေ အနိဝေသနော သိယာ။

(၁) မြေအိုးသဖွယ်၊ ရုပ်ကိုယ်ဝယ်၊ပျက်လွယ်သိပါလေ။

(၂) ရွှမ့်တ်စိတ်မှာ၊ မြို့ပမာ၊ ခိုင်စွာ တည်ရှိစေ။

(၃) ဉာဏ်ဗုံးဖြင့်ခွင်း၊ မာရ်သေမင်း၊ နှိမ်နင်းတိုက်ဖျက်လေ။

(၄) အောင်ပြိုးစောင့်မြဲ၊ မရပ်ပဲ၊ တိုက်ပွဲ ပြိုးဆုံးစေ။

အရှင်မဟာကဿပ ရရှိသော သြဝါဒတော် ၃-ပါး

(၁) သက်ကြီး, လတ်, ငယ်၊ အားလုံးဝယ်၊ နှစ်သွယ်ရှက်ကြောက် ထင်ပါစေ။

(၂) ကုသိုလ် ညွှန်ကြား၊ မြတ်တရား၊ လေးစား စူးစိုက် နာယူလေ။
(၃) ကာယဂတာ၊ သတိဟာ၊ သင့်မှာမစွန့် မြဲပါစေ။
(၄) အရှင်မဟာကဿပ၊ လက်ခံ-ရ၊ ဆုံးမ ဩဝါ မြတ် သုံးထွေ။

အကျဉ်းချုပ် ဩဝါဒသုံးပါး

(၁) အပါယ်ဘေးငြိမ်းခွင့်၊ ဉာဏ်အဆင့်၊ အသင့် ရောက် ပါစေ။
(၂) ထိုဉာဏ်ဖြင့်လဲ၊ မတော်ပဲ၊ ဆင်းရဲငြိမ်းပါစေ။
(၃) ဖြစ်ပေါ်လာငြား၊ စိတ်ကြမ်းများ၊ ပယ်ရှားနိုင် ပါစေ။

သာသနာ့ရိပ်သာ ယောဂီများကောင်းမှု စာရွက်ရေ (၂၀၀၀)

*

၁၃၂၁-ခုနှစ် နတ်တော်လဆန်း ၁၄-ရက်နေ့၌ ၁၀-ကြိမ်မြောက် နှစ်ပတ်လည် ဩဝါဒခံယူပူဇော်ပွဲကို ကျင်းပသည်။ ဤနှစ်မှစ၍ ယောဂီ ထောက်ပံ့ရေး နှစ်ပတ်လည် အထိမ်း အမှတ်ပွဲကိုလည်း ဤပူဇော်ပွဲနှင့် တပေါင်းတည်း ကျင်းပသည်။ ထို ဩဝါဒခံယူပူဇော်ပွဲ၌ ၁၃၁၃-ခုနှစ် ၁၄-ခုနှစ်များက ဟောခဲ့ဘူးသော မဟာပစ္စဝေက္ခဏာ တရားတော်နှင့် ကုမ္ဘကူပမံ ဂါထာတို့ကို အကျဉ်းချုပ် ဩဝါဒ ၃-ပါးနှင့်တကွ ဟောကြား ခဲ့သည်။

၁၃၂၂-ခုနှစ် နတ်တော်လဆုတ် ၂-ရက်နေ့၌ ၁၁-ကြိမ်မြောက် နှစ်ပတ်လည် သြဝါဒ ခံယူပူဇော်ပွဲကို ကျင်းပသည်။ ထို သြဝါဒ ခံယူပူဇော်ပွဲ၌ စက္ကဝတ္တိသုတ် တရားတော်ကို ဟောကြားခဲ့သည်။ ထိုစဉ်အခါက ပုံနှိပ်ဝေငှသော စာမူမှာ အောက်ပါအတိုင်းပင် ဖြစ်သည်။

ကျေးဇူးရှင် မဟာစည်ဆရာတော်
ဟောကြားတော်မူသော
ဒီဃနိကာယ် ပါထိကဝဂ္ဂ ပါဠိတော်
စက္ကဝတ္တိသုတ်တရားတော်
ဆောင်ပုဒ်
ဆုတ်ကပ်ဆောင်ပုဒ်

ရှစ်သောင်း အာယု၊ အစပြု၍၊ ပါ, မု, ပိ, ကာ,၊ ဖ, ဘိဇ်, ဗျာနှင့်၊ မိစ္ဆာ, သုံး, ငါး၊ အကုပ္ပါး၍၊ လျော့ပါး ထက်ဝက်၊ ၉-ဆင့်ပျက်သည် *၊ အသက်ရာတမ်း ရောက်သတည်း။

*** ၉-ဆင့်ပျက်ပုံ**

ရှစ်သောင်းတမ်း၌ အဒိန္နာဒါနှင့် ပါဏာတိပါတ
ဖြစ်ပွါး၍ .... ၄၀,၀၀၀-ရောက်
ဆိုတမ်း၌ မုသာဝါဒပွါး၍.... .... ၂၀,၀၀၀- "
" ပိသုဏဝါစာပွါး၍ .... ၁၀,၀၀၀- "
" ကာမေသုမိစ္ဆာစာရပွါး၍ .... ၅,၀၀၀- "

။ ဖရုသဝါစာနှင့် သမ္မပ္ပလာပပ္ပါး၍ ၂,၅၀၀- ။
။ အဘိဇ္ဈာနှင့် ဗျာပါဒပ္ပါး၍.... ၁,၀၀၀- ။
။ မိစ္ဆာဒိဋ္ဌိပ္ပါး၍ .... ၅၀၀- ။
(ထို ၅၀၀-တမ်းခွဲ အကုသိုလ် ၃-ပါး*ပ္ပါး၍ ၂၅၀- ။

ထို ၂၅၀-တမ်းခွဲ အကုသိုလ်ငါးပါး*ပ္ပါးပြန်၍ အသက် ၁၀၀-တမ်း ရောက်ခဲ့သည်။ အထက်ပါ အကုသိုလ် ၁၈-ပါးတို့ အတိုင်းထက်အလွန် ဘိုးပ္ပါး၍ ဆယ်နှစ်တမ်းရောက်မည်။)

အကုသိုလ်သုံးပါး ငါးပါးတို့ကို ဖေဖော်ပြချက်

* အကုသိုလ် ၃-ပါးဟူသည်မှာ—

(၁) အဓမ္မရာဂ-လူ့အကျင့်မဟုတ်သော တပ်မက်မှု။
(၂) ဝိသမလောဘ-မမျှတသောအလို။
(၃) မိစ္ဆာဓမ္မ-မှုမမှန်သော ရာဂတို့ပင် ဖြစ်သည်။

* အကုသိုလ် ငါးပါးဟူသည်မှာ—

(၁) အမိကိုပြုစုရန် ကျင့်ဝတ်ပျက်ခြင်း။
(၂) အဘကိုပြုစုရန် ကျင့်ဝတ်ပျက်ခြင်း။
(၃) ရဟန်းတို့ကို ရိုသေပြုစုရန် ကျင့်ဝတ်ပျက်ခြင်း။
(၄) သူတော်ကောင်းတို့ကို ရိုသေရန် ကျင့်ဝတ်ပျက်ခြင်း။
(၅) ကြီးသူတို့ကို မရိုသေခြင်းတို့ပင် ဖြစ်သည်။

တက်ကပ်ဆောင်ပုဒ်

ဆယ်နှစ်တန်းမှ၊ တဖန်စ၍၊ ကမ္မပထာ၊ ကုဆယ်ဖြာနှင့်၊ သုံးဖြာ, ငါးမျိုး၊ ကုသိုလ်တိုး၍၊ ထပိုးပြန်လျက်၊ ဆဲ့နှစ်ဆင့် တက်သည်*၊ အသက်ရှစ်သောင်း ရောက်လိမ့်တည်း။

*၁၂-ဆင့်တက်ပုံ

ပါဏာတိပါတမှကြဉ်၍ အသက်တမ်း ၁၀-နှစ်မှ ၂၀-ရောက်မည်။
အဒိန္နာဒါန်မှကြဉ်၍ ။ ၂၀-နှစ်မှ ၄၀- ။
ကာမေသုမိစ္ဆာစာရမှကြဉ်၍ ။ ၄၀-နှစ်မှ ၈၀- ။
မုသာဝါဒမှကြဉ်၍ ။ ၈၀-နှစ်မှ ၁၆၀- ။
ပိသုဏဝါစာမှကြဉ်၍ ။ ၁၆၀-နှစ်မှ ၃၂၀- ။
ဖရုသဝါစာမှကြဉ်၍ ။ ၃၂၀-နှစ်မှ ၆၄၀- ။
သမ္ဖပ္ပလာပမှကြဉ်၍ ။ ၆၄၀-နှစ်မှ ၂၀၀၀- ။
အဘိဇ္ဈာကိုပယ်၍ ။ ၂၀၀၀-နှစ်မှ ၄၀၀၀- ။
ဗျာပါဒကိုပယ်၍ ။ ၄၀၀၀-နှစ်မှ ၈၀၀၀- ။
မိစ္ဆာဒိဋ္ဌိကိုပယ်၍ ။ ၈၀၀၀-နှစ်မှ ၂၀၀၀၀- ။
အကုသိုလ်သုံးပါးကိုပယ်၍ ၊ ၂၀၀၀၀-နှစ်မှ ၄၀၀၀၀- ။
ကုသိုလ်ငါးပါးကို ပွါးစေ၍ ။ ၄၀၀၀၀-နှစ်မှ ၈၀၀၀၀-ရောက်မည်။

၁။ ကုသိုလ်ငါးပါးဟူသည်မှာ အမိ အဘ ရဟန်းသူတော်ကောင်းတို့အပေါ်၌ ကျင့်ဝတ်ကြေခြင်းနှင့် ကြီးသူတို့အား ရိုသေခြင်းတို့ပင် ဖြစ်သည်။

ထို့ပြင် ထိုဆောင်ပုဒ် စာရွက်၌ အရှင်မဟာကဿပရရှိသော ဩဝါဒတော် ၃-ပါးနှင့် အာကျဉ်းချုပ် ဩဝါဒဆောင်ပုဒ် ၃-ခုတို့ကိုလည်း ပြထား၏။ ယင်း ဩဝါဒတို့ကိုလည်း ဟော ခဲ့၏။ စက္ကဝတ်တိသုတ်၌ သတိပဋ္ဌာန်လေးပါးဟူသော မြတ်ကို အားကိုးရန် ဟောတော်မူသည့်အတိုင်း သတိပဋ္ဌာန် လေးပါး အားကိုးရန်လည်း ဟောကြားခဲ့၏။

*

၁၃၂၃-ခုနှစ် နတ်တော်လဆုတ် ၂-ရက်နေ့၌ ၁၂-ကြိမ် မြောက် နှစ်ပတ်လည် ဩဝါဒ ခံယူပူဇော်ပွဲကို ကျင်းပသည်။ ထိုဩဝါဒ ခံယူပူဇော်ပွဲ၌ သီလဝန္တသုတ် သုတဝန္တသုတ်တရား တော်ကို ဟောကြားခဲ့သည်။ ထိုစဉ်အခါက ပုံနှိပ်ဝေငှသော စာမူမှာ အောက်ပါအတိုင်းပင် ဖြစ်သည်။

ကျေးဇူးရှင် မဟာစည်ဆရာတော်
ဟောကြားတော်မူအပ်သော
သံယုတ္တနိကာယ် ခန္ဓဝဂ္ဂပါဠိတော်
သီလဝန္တ, သုတဝန္တသုတ် တရားတော်
ဆောင်ပုဒ်များ

(က) ၁။ သီလ, သုတာ၊ စုံသူမှာ၊ ဘယ်ဟာ ရှုအပ်ပါ၏ သနည်း။
၂။ စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာ ရှုအပ်သည်။

၃။ မမြဲ, ဆင်းရဲ၊ ရောဂါစွဲ၊ ပေါက်ကွဲ အိုင်းတူသည်။ (၄+)

၄။ ငြောင့်, မကောင်းမှု၊ ဖျားနာဟု၊ မှတ်ရှုသူစိမ်းမည်။ (၄+)

၅။ ပျက်စီး, သုည၊ အနတ္တ၊ ရှုရ ဆယ့်တစ်မည်။ (+၃=၁၁)

၆။ သို့ရှုမြင်သန်၊ သောတာပန်၊ အမှန် ဖြစ်နိုင်သည်။

(ခ) ၁။ သောတာပန်ကား၊ ဘယ်တရား၊ ရှုပ္ဒါးအပ်သနည်း။

၂။ သောတာပန်လဲ၊ ခန္ဓာဘဲ၊ ရှုမြဲနည်းတူသည်။

၃။ သို့ရှုမြင်သန်၊ သကဒါဂါမ်၊ အမှန်ဖြစ်နိုင်သည်။

(ဂ) ၁။ သကဒါဂါမ်ကား၊ ဘယ်တရား၊ ရှုပ္ဒါးအပ်သနည်း။

၂။ သကဒါဂါမ်လဲ၊ ခန္ဓာဘဲ၊ ရှုမြဲနည်းတူသည်။

၃။ သို့ရှုမြင်သန်၊ အနာဂါမ်၊ အမှန်ဖြစ်နိုင်သည်။

(ဃ) ၁။ အနာဂါမ်ကား၊ ဘယ်တရား၊ ရှုပ္ဒါးအပ်သနည်း။

၂။ အနာဂါမ်လဲ၊ ခန္ဓာဘဲ၊ ရှုမြဲနည်းတူသည်။

၃။ သို့ရှုမြင်သန်၊ အရဟံ၊ အမှန်ဖြစ်နိုင်သည်။

(၄) ၁။ ရဟန္တာကား၊ ဘယ်တရား၊ ရှုပွါးအပ်သနည်း။

၂။ ရဟန္တာလဲ၊ ခန္ဓာဘဲ၊ ရှုမြဲနည်းတူသည်။

၃။ သို့ရှုသော်ငြား၊ သစ်, ဟောင်းကား၊ တိုး, ပွါး မရှိပြီ။

၄။ သတိ-သမ္ပဇဉ်၊ ရှုတိုင်းယှဉ်၊ မျက်မြင် ချမ်းသာသည်။

ထို့ပြင် အရှင်မဟာကဿပ ရရှိသော ဩဝါဒတော် ၃-ပါး နှင့် အကျဉ်းချုပ် ဩဝါဒ ဆောင်ပုဒ် ၃-ခုတို့ကိုလည်း ထို ဆောင်ပုဒ် စာရွက်၌ ပြထားသည်။ ထို ဩဝါဒတို့ကိုလည်း ဟောကြားခဲ့သည်။

*

၁၃၂၄-ခုနှစ်၊ နတ်တော်လဆုတ် ၁၂-ရက်နေ့၌ ၁၃-ကြိမ်မြောက် နှစ်ပတ်လည် ဩဝါဒ ခံယူပူဇော်ပဲ့ကို ကျင်းပသည်။ ထို ဩဝါဒခံယူပူဇော်ပဲ့၌ ယခင်က ၃-ကြိမ်တိုင်တိုင် ဟောဘူးသော မဟာပစ္စဝေက္ခဏာ တရားတော်ကိုပင် အရှင်မဟာကဿပ ရရှိသော ဩဝါဒတော်သုံးပါး, အကျဉ်းချုပ်ဩဝါဒ ဆောင်ပုဒ်များနှင့်တကွ ဟောကြားခဲ့သည်။

*

၁၃၂၅-ခုနှစ်၊ နတ်တော်လဆုတ် ၁-ရက်နေ့၌ ၁၄-ကြိမ်မြောက် နှစ်ပတ်လည် ဩဝါဒ ခံယူပူဇော်ပွဲကို ကျင်းပသည်။ ထို ဩဝါဒခံယူပူဇော်ပဲ့၌ ဩဝါဒအကျဉ်းချုပ်နှင့် ပဋိပတ္တိ

ပူဇနာကာရ တရားတော်ကို ဟောကြားခဲ့သည်။ ထိုစဉ်အခါက တရားဆောင်ပုဒ်မှာ အောက်ပါအတိုင်းပင် ဖြစ်သည်။

၁၃၂၅-ခုနှစ် နုတ်တော်လဆုတ် ၁-ရက်နေ့ ၁၄-ကြိမ်မြောက် နှစ်ပတ်လည် ဩဝါဒ ခံယူပူဇော်ပွဲတွင် မဟာစည်ဆရာတော်ဘုရား ဟောကြားတော်မူသော မူလပဏ္ဏာသ သစ္စကသုတ်ပါဠိတော်မှ

ပဋိပတ္တိပူဇနာကာရ တရားတော်ကြီး

၁။ ဗုဒ္ဓေါ သော ဘဂဝါ ဗောဓာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ၊ ကျွန်ုပ်တို့အမျှား၏ အာဃာတ ကိုးကွယ်ရာ အစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်။ ဗုဒ္ဓေါ၊ သစ္စာ လေးပါး အမှန်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီး သည် ဖြစ်၍။ ဗောဓာယ၊ သတ္တဝါအမျှား ကျွန်ုပ်တို့အားလည်း အလားတူပင် သိမြင်ကြပါစေခြင်း အကျိုးငှာ။ ဓမ္မံ၊ သစ္စာ လေးတန် တရားမှန်ကို။ ဒေသေတိ၊ ကရုဏာရှိသူ့ား ပညာ အားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။ (တံ ဘဂဝန္တံ၊ သက်တော် ထင်ရှား ထို မြတ်စွာဘုရားသခင်ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရိုသေမြတ်နိုး လက်အုပ်မိုးချီ ရှိခိုးပူဇော်ပါ၏ အရှင် ဘုရား)။

၂။ ဒန္ဆော သော ဘဂဝါ ဒမထာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ၊ ကျွန်ုပ်တို့အမျိုး၏....ထို မြတ်စွာဘုရားသည်။ ဒန္ဆော၊ မြင်, ကြား, တွေ့ရ ကြုံသိရာမှ ကိလေသာ အညစ်အကြေး ကင်းစင်ဝေးလျက် ယဉ်ကျေးတော်မူပြီးသည် ဖြစ်၍။ ဒမထာယ၊ သတ္တဝါအမျိုး ကျွန်ုပ်တို့အား လည်း အလားတူစွာ ကိလေသာ အညစ်အကြေး ကင်းစင်ဝေးလျက် ယဉ်ကျေးကြပါစေခြင်း အကျိုးငှာ။ ဓမ္မံ၊ ယဉ်ကျေးစေရန် တရားမှန်ကို။ ဒေသေတိ၊ ကရုဏာရှေးသွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။ (တံ ဘဂဝန္တံ၊ ကိုး။ အဟံ၊ သည်။ ဝန္ဒါမိ၊ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား)။

၃။ သန္ဆော သော ဘဂဝါ သမထာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ၊ ကျွန်ုပ်တို့အမျိုး၏....ထို မြတ်စွာဘုရားသည်။ သန္ဆော၊ ရာဂစသား အလွှဲပ်အရှား ကင်းလျက် ငြိမ်သက်ငြိမ်းအေးတော်မူပြီးသည် ဖြစ်၍။ သမထာယ၊ သတ္တဝါအမျိုး ကျွန်ုပ်တို့အား လည်း အလားတူစွာ ငြိမ်သက်ငြိမ်းအေးကြပါစေခြင်း အကျိုးငှာ။ ဓမ္မံ၊ ငြိမ်သက်စေရန် တရားမှန်ကို။ ဒေသေတိ၊ ကရုဏာရှေးသွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။ (တံ ဘဂဝန္တံ၊ ကိုး။ အဟံ၊ သည်။ ဝန္ဒါမိ၊ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား)။

၄။ တိဏ္ဏော သော ဘဂဝါ တရဏာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ၊ ကျွန်ုပ်တို့အများ၏ .. ထို မြတ်စွာဘုရားသည်။ တိဏ္ဏော၊ သြဃလေးဖြာ သံသရာ၏ ဟိုမှာကမ်းရောက် နိဗ္ဗာန် ပေါက်အောင် ကူးမြောက်တော်မူပြီးသည် ဖြစ်၍။ တရဏာယ၊ သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလားတူစွာ ကူးမြောက် ကြပါစေခြင်း အကျိုးငှာ။ ဓမ္မံ၊ ကူးမြောက်စေရန် တရားမှန်ကို။ ဒေသေတိ၊ ကရုဏာဂွေသည်း ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။ (တံ ဘဂဝန္တံ၊ ကိုး။ အဟံ၊ သည်။ ဝန္ဒာမိ၊ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား)။

၅။ ပရိနိဗ္ဗုတော သော ဘဂဝါ ပရိနိဗ္ဗာနာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ၊ ကျွန်ုပ်တို့အများ၏....ထို မြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတော၊ ကိလေသာခပ်သိမ်း အလုံးစုံ ငြိမ်းပြီးသည်ဖြစ်၍။ ပရိနိဗ္ဗာနာယ၊ သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလားတူစွာ ကိလေသာခပ်သိမ်း ငြိမ်းကြပါစေခြင်း အကျိုးငှာ။ ဓမ္မံ၊ ကိလေသာငြိမ်းရန် တရားမှန်ကို။ ဒေသေတိ၊ ကရုဏာဂွေသည်း ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။ (တံ ဘဂဝန္တံ၊ ကိုး။ အဟံ၊ သည်။ ဝန္ဒာမိ၊ ရှိသေမြတ်နိုး လက်အုပ်မိုးချ၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား)။

အကျဉ်းချုပ် ဩဝါဒသုံးပါး

(၁) အပါယ်ဘေးငြိမ်းခွင့်၊ ဉာဏ်အဆင့်၊ အသင့် ရောက်ပါစေ။

(၂) ထိုဉာဏ်ဖြင့်လဲ၊ မတော်ဘဲ၊ ဆင်းရဲငြိမ်းပါစေ။

(၃) ဖြစ်ပေါ်လာငြား၊ စိတ်ကြမ်းများ၊ ပယ်ရှား နိုင်ပါစေ။

*

၁၃၂၆-ခုနှစ် နတ်တော်လဆုတ် ၁-ရက်နေ့၌ ၁၅-ကြိမ်မြောက် နှစ်ပတ်လည် ဩဝါဒ ခံယူပူဇော်ပွဲကို ကျင်းပသည်။ ထိုပူဇော်ပွဲ၌လည်း ယခင်နှစ်က အတိုင်းပင် ဩဝါဒ အကျဉ်းချုပ်နှင့် ပဋိပတ္တိပူဇနာကာရ တရားတော်ကိုပင် ဟောကြားသည်။

*

၁၃၂၇-ခုနှစ် နတ်တော်လဆုတ် ၄-ရက်နေ့၌ ၁၆-ကြိမ်မြောက် နှစ်ပတ်လည် ဩဝါဒ ခံယူပူဇော်ပွဲကို ကျင်းပသည်။ ထိုဩဝါဒ ခံယူပူဇော်ပွဲ၌ အင်္ဂုတ္တရနိကာယ် တိကနိပါတ် သိက္ခာသုတ်လာ အရိယာပုဂ္ဂိုလ် တရားတော်ကို ဟောကြားခဲ့သည်။ ထိုစဉ်အခါက ပုံနှိပ်ထုတ်ဝေဌာနခဲ့သော ဆောင်ပုဒ်စာမူမှာ အောက်ပါအတိုင်းပင် ဖြစ်သည်။

အရိယာပုဂ္ဂိုလ် တရားတော်ဆောင်ပုဒ်

၁။ မဂ္ဂင်ရှစ်ပါး တရားရေယဉ်သို့ ရောက်သောသူကို သော တာပန်ဟု ခေါ်သည်။

သောတာပန် ၃-ပါး

(က) အထက်မဂ်ဖိုလ်အတွက် ဝိပဿနာ ထက်လျှင် **ကေ-ဗီဇီ** သောတာပန် ဖြစ်သည်၊ တဘဝသာဖြစ်ရန် ရှိတော့သည်၊ ထိုဘဝမှာပင် ရဟန္တာဖြစ်၍ ဆင်းရဲခပ်သိမ်းငြိမ်းမည်။

(ခ) အထက်မဂ်ဖိုလ်အတွက် ဝိပဿနာနှံ့လျှင် **သတ္တက္ခတ္တု-ပရမ** သောတာပန် ဖြစ်သည်၊ ၇-ဘဝသာ ဖြစ်ရန် ရှိတော့သည်၊ သတ္တမ ဘဝမှာ ရဟန္တာဖြစ်၍ ဆင်းရဲခပ်သိမ်းငြိမ်းမည်။

(ဂ) အထက်မဂ်ဖိုလ်အတွက် ဝိပဿနာမနှံ့မထက် အလယ်အလတ်ရှိလျှင် **ကောလံ ကောလ** သောတာပန် ဖြစ်သည်၊ ၂-၃-၄-၅-၆-ဘဝဖြစ်ရန် ရှိသည်၊ ထို ၂-ဘဝ စသည်မှာပင် ရဟန္တာဖြစ်၍ ဆင်းရဲခပ်သိမ်းငြိမ်းမည်။

သောတာပန် ၁၂-ပါး

(၁) အခြေခံအကျင့်၌ ဆင်းရဲ၍ ဉာဏ်အတက် နှေးလျှင် **ဒုက္ခပဋိပဒါဒန္ဓာဘိညာ** ပုဂ္ဂိုလ်။

(၂) အခြေခံအကျင့်၌ ဆင်းရဲ၍ ဉာဏ်အတက်မြန်လျှင် ဒုက္ခပဋိပဒါဓိပ္ပါဘိညာ ပုဂ္ဂိုလ်။

(၃) အခြေခံအကျင့်၌ ချမ်းသာ၍ ဉာဏ်အတက်နှေးလျှင် သုခပဋိပဒါဒန္ဓာဘိညာ ပုဂ္ဂိုလ်။

(၄) အခြေခံအကျင့်၌ ချမ်းသာ၍ ဉာဏ်အတက်မြန်လျှင် သုခပဋိပဒါခိပ္ပါဘိညာ ပုဂ္ဂိုလ်။

သောတာပန် ၃-ပါးကို ပဋိပဒါအဘိညာ ၄-ပါးနှင့် မြောက်ပုံးလျှင် ၁၂-ပါးဖြစ်သည်။

သောတာပန် ၂၄-ပါး

(၁) သဒ္ဓါဓုရ-သဒ္ဓါဦးဆောင်သော ပုဂ္ဂိုလ်။

(၂) ပညာဓုရ-ပညာဦးဆောင်သော ပုဂ္ဂိုလ်။

ဤဓုရ ၂-ပါးနှင့် ထပ်၍ မြောက်ပုံးလျှင် သောတာပန် ၂၄-ပါး ဖြစ်သည်။

၂။ လူ့ဘဝသို့ တကြိမ်မျှသာ ပြန်လာပြီးလျှင် ဆင်းရဲခပ်သိမ်း ငြိမ်းမည့်ပုဂ္ဂိုလ်ကို သကဒါဂါမ်ဟု ခေါ်သည်။

သကဒါဂါမ် ၁၂-ပါး

(က) မမြဲဟု ရှုလျက်ရသည့်မဂ်က အနိမိတ္တဝိမောက္ခ၊ ဤဝိမောက္ခဖြင့် ဖြစ်သည့် သကဒါဂါမ်က ၁-ပါး။

(ခ) ဆင်းရဲဟု ရှုလျက် ရသည့်မဂ်က **အပွဏိဟိတဝိမောက္ခ၊** ဤ ဝိမောက္ခဖြင့် ဖြစ်သည့် သကဒါဂါမ်က ၁-ပါး။

(ဂ) အနတ္တဟု ရှုလျက် ရသည့် မဂ်က **သုညတဝိမောက္ခ၊** ဤဝိမောက္ခဖြင့် ဖြစ်သည့် သကဒါဂါမ်က ၁-ပါး။

ဤသကဒါဂါမ် ၃-ပါးကို ပဋိပဒါအဘိညာ ၄-ပါးနှင့် မြောက်လျှင် ၁၂-ပါးဖြစ်သည်။

၃။ ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် ပြန်မလာသော ပုဂ္ဂိုလ်ကို **အနာဂါမ်**ဟု ခေါ်သည်။

(က) အဝိဟာဘုံ၌ အသက်တမ်း ထက်ဝက်ကို မလွန်မီ ရဟန္တာဖြစ်၍ ကိလေသာငြိမ်းမည့် **အန္တရာပရိနိဗ္ဗာယီ** အနာဂါမ် ၃-ပါး။

(ခ) အသက်တမ်း ထက်ဝက်ကို လွန်မှ ရဟန္တာဖြစ်၍ ကိလေသာငြိမ်းမည့် **ဥပဟစ္စပရိနိဗ္ဗာယီ** အနာဂါမ် ၁-ပါး။

(ဂ) အထက်ဘုံများသို့ တက်ရောက်ပြီးမှ ရဟန္တာဖြစ်၍ ကိလေသာငြိမ်းမည့် **ဥဒ္ဓံသောတ** အနာဂါမ် ၁-ပါး။ ပေါင်း အဝိဟာဘုံ၌ အနာဂါမ် ၅-ပါး။

(၁) ထို ပုဂ္ဂိုလ် ၅-ပါးထဲမှ လွယ်ကူစွာနှင့် ရဟန္တာ ဖြစ်မည့် **အသန်ဒါရပရိနိဗ္ဗာယီ** ပုဂ္ဂိုလ် ၅-ပါး။

(၂) အထူးကြောင့်ကြစိုက်၍ အားထုတ်မှ ရဟန္တာ ဖြစ်မည့် **သသန်ဒါရပရိနိဗ္ဗာယီ** ပုဂ္ဂိုလ် ၅-ပါး။ ပေါင်း အဝိဟာဘုံ၌ အနာဂါမ်ပုဂ္ဂိုလ် ၁၀-ပါး။

(၃) ထို့အတူ အတပ္ပါဘုံ၌ ၁၀-ပါး၊ သုဒဿာဘုံ၌ ၁၀-ပါး၊ သုဒဿီဘုံ၌ ၁၀-ပါး၊ အကနိဋ္ဌဘုံ၌ ဥဒ္ဓံသောတ ၂-ပါးမရှိ၍ ၈-ပါး။ အားလုံးပေါင်း အနာဂါမ် ပုဂ္ဂိုလ် ၄၈-ပါး ဖြစ်သည်။

(၄) ကိလေသာခပ်သိမ်း အကုန်ငြိမ်း၍ အပူဇော်ခံထိုက်သော ပုဂ္ဂိုလ်ကို **ရဟန္တာ** ဟု ခေါ်သည်။ ဤ ရဟန္တာသည် သကဒါဂါမ် ကဲ့သို့ပင် ဝိမောက္ခ ၃-ပါးနှင့် ပဋိပဒါ ၄-ပါးတို့ဖြင့် မြောက်ပုံး၍ ၁၂-ပါး ဖြစ်သည်။

သောတာပန် ၂၄-ပါး၊ သကဒါဂါမ် ၁၂-ပါး၊ အနာဂါမ် ၄၈-ပါး၊ ရဟန္တာ ၁၂-ပါး၊ အားလုံးပေါင်း **အရိယာ** ပုဂ္ဂိုလ် ၉၆-ပါး ဖြစ်သည်။ မဂ္ဂင်္ဂဉာန်ပုဂ္ဂိုလ် ၄-ပါးနှင့်တကွ **အရိယာ** ပုဂ္ဂိုလ်မြတ် အပါးတရာဖြစ်သည်။

ဤအပါးတရာ အရိယာအပေါင်းအား အရိုအသေ အလေးအမြတ် ပူဇော်ပါကုန်၏။

ဤသို့သော အရိယာအစစ် ဖြစ်အောင် ကျင့်ကြံ ပွါးများအားထုတ်နိုင်ကြပါစေ။

*

၁၃၂၀-ခုနှစ် နတ်တော်လဆန်း ၆-ရုက်နေ့၌ ၁၇-ကြိမ်မြောက် နှစ်ပတ်လည် သြဝါဒခံယူပူဇော်ပွဲကို ကျင်းပသည်။ ထို ပူဇော်ပွဲ၌ ပဂ္ဂလပညတ် ပါဠိတော်လာ အရိယာ (၇)ပါး တရားတော်ကို ဟောကြားခဲ့သည်။ ထိုစဉ်အခါက ပုံနှိပ် ဝေငှ ခဲ့သော ဆောင်ပုဒ်များမှာ အောက်ပါအတိုင်းပင် ဖြစ်သည်။

အရိယာပုဂ္ဂိုလ် (၇)ပါး တရားတော်ဆောင်ပုဒ်များ

၁။ သဒ္ဓါနုသာရီ-သဒ္ဓါသို့ အစဉ်လိုက်သော ပုဂ္ဂိုလ်။

၂။ ဓမ္မာနုသာရီ-ပညာသို့ အစဉ်လိုက်သော ပုဂ္ဂိုလ်။

၃။ သဒ္ဓါဝိမုတ္တ-သဒ္ဓါဖြင့် လွတ်မြောက်သော ပုဂ္ဂိုလ်။

၄။ ပညာဝိမုတ္တ-ပညာဖြင့် လွတ်မြောက်သော ရဟန္တာ ပုဂ္ဂိုလ်။

၅။ ဒိဋ္ဌပတ္တ-ပညာဖြင့် ရောက်သော ပုဂ္ဂိုလ်။

၆။ ကာယသက္ခီ-နာမကာယဖြင့် မျက် မှောက် ပြု သော ပုဂ္ဂိုလ်။

၇။ ဥဘတောဘာဂဝိမုတ္တ-နှစ်ပါးသောအဖို့မှ နှစ်ကြိမ် လွတ်မြောက်သော ရဟန္တာပုဂ္ဂိုလ်။

အရိယာပုဂ္ဂိုလ် ၇-ပါး တရားတော်ဆောင်ပုဒ်များ ၃၁

ဝေဘန်ချက်

ဝိသုဒ္ဓိမဂ် မဟာဋီကာ ဒု(၄၆၈)

(က) **အနိစ္စ**-ရှု၍ အရိယမဂ်သို့ ရောက်လျှင် ယုံကြည်ဆုံးဖြတ်မှု များသည်၊ **သဒ္ဓိန္ဒြေ**ထက်သည်၊ ပဌမမဂ်ခဏ၌ **သဒ္ဓါနုသာရီ**၊ အလယ် ၆-ဌာန၌ **သဒ္ဓါဝိမုတ္တ**၊ အရဟတ္တဖိုလ်ခဏ၌ **ပညာဝိမုတ္တ** မည်သည်။

(ခ) **ဒုက္ခ**-ဟု ရှု၍ အရိယမဂ်သို့ ရောက်လျှင် ငြိမ်းအေးမှု များသည်၊ **သမာဓိန္ဒြေ** အားကြီးသည်၊ ဒုက္ခကို အကြောင်းပြု၍ သဒ္ဓါလည်းထက်သည်၊ နည်းတူပင် သဒ္ဓါနုသာရီ၊ သဒ္ဓါဝိမုတ္တ၊ ပညာဝိမုတ္တ မည်သည်။

(ဂ) **အနတ္တ**-ဟု ရှု၍ အရိယမဂ်သို့ ရောက်လျှင် ပညာများသည်၊ **ပညိန္ဒြေ** ထက်သည်၊ ပဌမမဂ်ခဏ၌ **ဓမ္မာနုသာရီ**၊ အလယ် ၆-ဌာန၌ ဒိဋ္ဌိပ္ပတ္တ၊ အရဟတ္တဖိုလ်ခဏ၌ **ပညာဝိမုတ္တ** မည်သည်။

(ဃ) အရှုပစ္စာန်ကို အခြေခံပြု၍ **အနိစ္စ**-ဒုက္ခ-ဟု ရှုလျက် အရိယမဂ်သို့ ရောက်လျှင် ပဌမမဂ်ခဏ၌ **သဒ္ဓါနု**-**သာရီ** မည်၏၊ **အနတ္တ**-ဟု ရှုလျက် အရိယမဂ်သို့ ရောက်လျှင် ပဌမမဂ်ခဏ၌ **ဓမ္မာနုသာရီ** မည်၏၊ အလယ် ၆-ဌာန၌ ကာယသက္ခီ၊ အရဟတ္တဖိုလ်ခဏ၌ **ဥဘတောဘာဂဝိမုတ္တ** မည်သည်။

ဤ အရိယာပုဂ္ဂိုလ် (၇)ပါးတို့အား အလေးအမြတ် ပြု၍ ချီးကျူး ပူဇော်ပါကုန်၏။

အရှင်မဟာကဿပ ရရှိသော သြဝါဒတော် ၃-ပါး

၁။ သက်ကြီး-လတ်-ငယ်၊ အားလုံးဝယ်၊ နှစ်သွယ် ရှက်ကြောက် ထင်ပါစေ။

၂။ ကုသိုလ်ညွှန်ကြား၊ မြတ်တရား၊ လေးစား စူးစိုက် နာယူလေ။

၃။ ကာယဂတာ၊ သတိဟာ၊ သင့်မှာမစွန့် မြဲပါစေ။

၄။ အရှင်မဟာကဿပ၊ လက်ခံရ၊ ဆုံးမသြဝါ မြတ်သုံးထွေ။

အကျဉ်းချုပ် သြဝါဒသုံးပါး

(၁) အပါယ်ဘေးငြိမ်းခွင့်၊ ဉာဏ်အဆင့်၊ အသင့် ရောက်ပါစေ။

(၂) ထိုဉာဏ်ဖြင့်လဲ၊ မတော်ဘဲ၊ ဆင်းရဲငြိမ်းပါစေ။

(၃) ဖြစ်ပေါ်လာငြား၊ စိတ်ကြမ်းများ၊ ပယ်ရှားနိုင် ပါစေ။

၁၃၂၉-ခုနှစ် နတ်တော်လဆုတ် ၁-ရက်နေ့၌ ၁၀-ကြိမ်မြောက် နှစ်ပတ်လည် ဩဝါဒခံယူပူဇော်ပွဲကို ကျင်းပသည်။ ထို ပူဇော်ပွဲ၌ ၂၇-ခုနှစ်က ဟောခဲ့သော အရိယာပုဂ္ဂိုလ် တရားတော်ကိုပင် သာ၍ ရှင်းလင်းစွာ သိနားလည်ကြစေရန် ထပ်မံ၍ ဟောကြားခဲ့သည်။

*

၁၃၃၀-ခုနှစ် ၁၉-ကြိမ်မြောက် နှစ်ပတ်လည် ဩဝါဒခံယူပူဇော်ပွဲကို ဆောက်လုပ်ပြီးခါစ ဖြစ်သော မဟာစည် ကျောင်းတော်သစ် ရေစက်ချပွဲနှင့် တပေါင်းတည်း ကျင်းပရန် စီစဉ်ကြသည်၊ ကျောင်းသစ်၌ မွမ်းမံရန် အနည်းငယ်လိုနေသေးသောကြောင့် ထိုနှစ်က ပြာသိုလဆန်း ၄-ရက်နေ့မှာမှ ကျင်းပရသည်။ ထိုအခါက ပြာသိုလဆန်း ၁-ရက်နေ့ည၌က စတင်၍ အကြိုတရားပွဲများကို ၃-ညတိတိ ကျင်းပခဲ့သည်၊ ပြာသိုလဆန်း ၄-ရက်နေ့၌ ကျောင်းအနုမောဒနာနှင့်တကွ ဩဝါဒတရားကို အကျယ်တဝင့် ဟောကြားခဲ့သည်။ တရားဆောင်ပုဒ်များမှာ အောက်ပါအတိုင်းပင် ဖြစ်သည်။

၁၃၃၀-ခုနှစ် ပြာသိုလဆန်း ၄-ရက် တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌ ကျင်းပသော ကျောင်းရေစက်ချပွဲနှင့် နှစ်ပတ်လည် ဩဝါဒခံယူပူဇော်ပွဲတွင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီး ဟောကြားသော အနုမောဒနာနှင့် ဩဝါဒတရားတော် ဆောင်ပုဒ်များ—

ဩဝါဒ—၃ [ဒုတိယအကြိမ်]

ဝိဟာရဒါနအကျိုးပြ အနုမောဒနာ

၁။ အေး·ပူ·စသား၊ ဘေးရန်များ၊ ပယ်ရှား ကင်းစေ
သည်။

၂။ ကိန်းအောင်းနေရန်၊ ချမ်းသာရန်၊ အမှန်ဖြစ်ပေသည်။

၃။ စျာန်ဝင်စားရန်၊ ရှုမှတ်ရန်၊ ဧကန်သင့်ပေသည်။

၄။ ကျောင်းလှူဒါန၊ မြင့်မြတ်လှ၊ ဗုဒ္ဓချီးကျူးသည်။

၅။ ကျောင်းလှူသူဟာ၊ လုံးစုံပါ၊ လှူရာရောက်ပေသည်။

၆။ နေ့ညဉ့်မခြား၊ ကုသိုလ်များ၊ ဖြစ်ပွါးလေတော့သည်၊

၇။ ဆင်းရဲပယ်ရှား၊ မြတ်တရား၊ နာကြားရပြန်သည်။

၈။ ကျောင်းအလှူရှင်၊ တရားမြင်၊ ခုပင်ငြိမ်းနိုင်သည်။

၉။ ခုနစ်နှစ်၊ ခုနစ်လ၊ ဝေလာမ၊ ကြီးစွမ်းလှူသည်။

၁၀။ ဆဲ့နှစ်ယူဇနာ၊ ကျယ်ပြန့်စွာ၊ ချက်ကာ ကျွေးမွေး
သည်။

(ဤ ၉-နှင့် ၁၀-နှစ်ပုဒ်တို့ဖြင့် ဆိုလိုသည်မှာ ဝေလာမ မည်သော ဘုရားအလောင်းတော် ပုဏ္ဏားသည် ဂင်္ဂါမြစ်ကမ်း တလျောက်ဝယ် ၁၂-ယူဇနာ ရှည်လျားကျယ်ပြန့်သော အရပ်၌ မီးဖိုချောင်းစပ်လျက် ချက်ပြုတ်စေပြီးလျှင် လာလာသမျှ လူများ အား ယာဂုနှင့် ထမင်း ဟင်းတို့ကို (၇)နှစ် (၇)လ ပတ်လုံး ကျွေးမွေးလှူဒါန်းခဲ့သည်ဟု ဆိုလို၏။ အကျယ်သိလိုလျှင် ထိုစဉ်

အခါက ထုတ်ဝေသော ကျောင်းအနုမောဒနာ တရားတော်စာအုပ်၌ ကြည့်ပါ။)

၁၁။ ရှစ်သောင်းလေးထောင်စီ၊ ဝတ်-ကိုးမည်၊ လှူသည်ရက်ရောစွာ။

၁၂။ ရွှေခွက် ငွေခွက်၊ ကြေးစင်ခွက်၊ ဆင်နက်ရထားပါ။ (အလှူဝတ် ငါးမျိုး)

၁၃။ နှိုစား နွားမ၊ ပလ္လင်္ကာ၊ ကည ဝတ်ထည်ပါ၊ (အလှူဝတ် ၄-မျိုး)

၁၄။ ထိုတွင် ဝတ်ထည်၊ ကုဋေချီ၊ လှူသည် များလှစွာ။ (ဝတ်စုံ ၂၀-ကို ကုဋေဟု လောကဝေါဟာရ ရှိကြောင်း၊ ဤဥ်ကား ဆယ်ထည်ကို ကုဋေ ခေါ်ကြောင်း၊ ထိုသို့သော ကုဋေဖြင့် အဝတ်အထည် ကုဋေ ရှစ်သောင်းလေးထောင်လှူကြောင်း အဌကထာ အဆိုအားဖြင့် သိအပ်၏။)

၁၅။ သောတာပန်တပါး၊ ကျွေးလှူငြား၊ ကျိုးများထိုထက်သာ။ (ဝေလာမ အလှူကြီးထက် အကျိုးကြီးသည်ဟု ဆိုသည်။)

၁၆။ သောတာပန် တရာထက် သကဒါဂါမ်တပါး ကျွေးလှူတာက သာ၍ အကျိုးကြီးသည်။

၁၇။ သကဒါဂါမ် တရာထက် အနာဂါမ်တပါး ကျွေးလှူတာက သာ၍ အကျိုးကြီးသည်။

၁၈။ အနာဂါမ်တရာထက် ရဟန္တာတပါး ကျွးလွှတာက သာ၍ အကျိုးကြီးသည်။

၁၉။ ရဟန္တာတရာထက် ပစ္စေကဗုဒ္ဓါတပါး ကျွးလွှတာက သာ၍ အကျိုးကြီးသည်။

၂၀။ ပစ္စေကဗုဒ္ဓါတရာထက် မြတ်စွာဘုရား ဆွမ်းလွှတာက သာ၍ အကျိုးကြီးသည်။

၂၁။ ဘုရား တပါးတည်းထက် ဘုရားအမှူးရှိ သံဃာ ဆွမ်းလွှတာက သာ၍ အကျိုးကြီးသည်။

၂၂။ ဘုရားအမှူးရှိ သံဃာ ဆွမ်းလွှတာထက် သံဃိက ကျောင်းအလှူက သာ၍ အကျိုးကြီးသည်။

သရဏကုံ သီလ ဘာဝနာ အကျိုးပြအနုမောဒနာ

၂၃။ ကျောင်းအလှူထက် သရဏကုံက သာ၍ အကျိုးကြီးသည်။

၂၄။ သရဏကုံထက် ငါးပါးသီလက သာ၍ အကျိုးကြီးသည်။

၂၅။ ငါးပါးသီလထက် မေတ္တာဘာဝနာက သာ၍ အကျိုးကြီးသည်။

၂၆။ မေတ္တာ ဘာဝနာထက် အနိစ္စာနုပဿနာက သာ၍ အကျိုးကြီးသည်။

ဝိပဿနာ ၃-ပါးနှင့် ဝိမောက္ခ ၃-ပါး

၁။ မမြဲဟူ ရှုမြင်တာက အနိစ္စာနုပဿနာ၊ အနိမိတ္တာ-နုပဿနာလဲ ခေါ်သည်၊ အနိမိတ္တမက်ကို ရကြောင်းလဲ ဖြစ်သည်၊ ယင်း အနုပဿနာဖြင့် ရသောမက်ကို အနိမိတ္တဝိမောက္ခ ခေါ်သည်။

၂။ ဆင်းရဲဟူ ရှုမြင်တာက ဒုက္ခာနုပဿနာ၊ အပ္ပဏိဟိတာ-နုပဿနာလဲ ခေါ်သည်၊ အပ္ပဏိဟိတမက်ကို ရကြောင်းလဲ ဖြစ်သည်၊ ယင်း အနုပဿနာဖြင့် ရသော မက်ကို အပ္ပဏိဟိတဝိမောက္ခ ခေါ်သည်။

၃။ အတ္တမဟုတ်, အတ္တမရှိ, သဘောတရား မျှဟူ ရှုမြင်တာက အနတ္တာနုပဿနာ၊ သုညတာနုပဿနာလဲ ခေါ်သည်၊ သုညတမက်ကို ရကြောင်းလဲ ဖြစ်သည်၊ ယင်း အနုပဿနာဖြင့် ရသောမက်ကို သုညတဝိမောက္ခ ခေါ်သည်။

အကျဉ်းချုပ် ဩဝါဒသုံးပါး

၁။ အပါယ် ဘေးငြိမ်းခွင့်၊ ဥာဏ်အဆင့်၊ အသင့် ရောက်ပါစေ။

၂။ ထိုဥာဏ်ဖြင့်လဲ၊ မတော်ဘဲ၊ ဆင်းရဲ ငြိမ်းပါစေ။

၃။ ဖြစ်ပေါ်လာငြား၊ စိတ်ကြမ်းများ၊ ပယ်ရှားနိုင်ပါစေ။

*

၁၃၃၁-ခုနှစ်, နတ်တော်လဆန်း ၁၂-ရက်နေ့၌ အကြိမ် ၂၀-မြောက် နှစ်ပတ်လည် ဩဝါဒခံယူပူဇော်ပွဲကို ကျင်းပသည်။ ထိုဩဝါဒခံယူပူဇော်ပွဲ၌ မဇ္ဈိမနိကာယ် မူလပဏ္ဏာသ ပါဠိတော်မှ မွေဒါယာဒသုတ် တရားတော်ကို ဟောကြားခဲ့သည်။ ထိုစဉ် အခါက ပုံနှိပ်ဝေငှခဲ့သော ဆောင်ပုဒ်များမှာ အောက်ပါ အတိုင်းပင် ဖြစ်သည်။

မူလပဏ္ဏာသ ပါဠိတော်

၈မွေဒါယာဒသုတ်(၁၅)

တရားအမွေခံ တရားတော်

၁။ ၈မွေဒါယာ၊ သုတ်မြတ်မှာ၊ မြတ်စွာ ဟောမိန့်သည်။

၂။ ငါ့တပည့်တွေ့၊ တရားမွေ၊ ခံစေချင်လှသည်။

၃။ အာမိသမွေ၊ ပစ္စည်းတွေ့၊ ပယ်စေချင်လှသည်။

၄။ တရားအမွေ၊ အစစ်ပေ၊ ၉-ထွေ လောကုတ်ပါ။

၅။ နိဗ္ဗာန်ရည်ငြား၊ ကုသိုလ်များ၊ တရားမွေတုပါ။

၆။ စစ်-တု နှစ်ထွေ၊ တရားမွေ၊ ခံစေလိုလှပါ။

၇။ အာမိသမွေ၊ အစစ်ပေ၊ လေးထွေ ပစ္စည်းပါ။

၈။ လူနတ်သုခ၊ ရည်သန်က၊ ဒါန-သီလ-ဘာ။

၉။ အာမိသမွေ၊ အတုတွေ့၊ မှုတ်လေ မွေညှံသာ။

(လူ့ချမ်းသာ နတ်ချမ်းသာတို့ကို ရည်သန်၍ ပြုသော ဒါန-သီလ-ဘာဝနာ ကုသိုလ်များကို အာမိသ အမွေအတုဟု ဆိုလို၏။ ယင်းသည်လည်း အာမိသ အမွေအစစ်ကဲ့သို့ပင် အမွေညံ့သာ ဟူ၍လည်း ဆိုလို၏။)

၁၀။ ပစ္စည်းမျှတွင်၊ ခံယူလျှင်၊ လူရှင်ဆိုကြမှာ။

၁၁။ ဘုရားသားတော်၊ ပစ္စည်းမွေ၊ ခံနေရုံမျှသာ။ (ရဟန်းတို့က ပစ္စည်းအမွေမျှသာ ခံယူနေကြလျှင် ဘုရားတပည့်များဟာ ပစ္စည်းအမွေခံများသာဟု ကဲ့ရဲ့ကြလိမ့်မည်ဟု ဆိုလို၏။)

၁၂။ ထပ်တလဲလဲ၊ အိုမစဲ၊ ဆင်းရဲနေကြမှာ။

၁၃။ ထပ်တလဲလဲ၊ နာမစဲ၊ ဆင်းရဲနေကြမှာ။

၁၄။ ထပ်တလဲလဲ၊ သေမစဲ၊ ဆင်းရဲနေကြမှာ။

၁၅။ ထပ်တလဲလဲ၊ ပါယ်ငရဲ၊ ကျမြဲ ကျနေမှာ။

၁၆။ သင်တို့နောင်ရေး၊ ငါမြော်တွေး၊ ဝန်လေးသနားပါ။

၁၇။ ထို့ကြောင့်အများ၊ တပည့်သား၊ ဘုရား တောင်းပန်သည်။

၁၈။ ငါ့တပည့်တို့၊ တရားမွေ၊ ခံစေချင်လှသည်။

၁၉။ အာမိသမွေ၊ ပစ္စည်းတို့၊ ပယ်စေချင်လှသည်။

၂၀။ ဆွမ်းဘုဉ်းပြီးခါ၊ ဘုရားမှာ၊ များစွာ ဆွမ်းကျန်သည်။
(ဥပမာ ပြသည်)

၂၁။ ရဟန်း ၂-ပါး၊ ဆာလောင်မျှား၊ ဘုရားထံရောက်သည်။
၂၂။ ဘုရားဆွမ်းကျွေး၊ သုံးဆောင်ရန်၊ ဖိတ်မန် ခွင့်ပြုသည်။
၂၃။ တပါးသာစား၊ ကျန်တပါး၊ ပယ်ရှား ကျင့်သုံးသည်။
၂၄။ ပယ်ရှားသူသာ၊ ကျိုးမျှားမှာ၊ မြတ်စွာ ချီးကျူးသည်။
၂၅။ ဤသို့ မြတ်စွာ၊ ပုံဆောင်ကာ၊ သာယာဆုံးမသည်။
၂၆။ ဘုရားစကား၊ တို့အမျှား၊ လေးစား ကျင့်ထိုက်သည်။
၂၇။ လေးစားသူမှာ၊ ဆင်းရဲကွာ၊ ချမ်းသာရပေမည်။

အရှင်မဟာကဿပ ရရှိသော သြဝါဒတော် ၃-ပါး

(၁) သက်ကြီး လတ်, ငယ်၊ အားလုံးဝယ်၊ နှစ်သွယ် ရှက်-ကြောက် ထင်ပါစေ။
(၂) ကုသိုလ်ညွှန်ကြား၊ မြတ်တရား၊ လေးစား စူးစိုက် နာယူလေ။
(၃) ကာယဂတာ၊ သတိဟာ၊ သင့်မှာမစွန့် မြဲပါစေ။
(၄) အရှင်မဟာကဿပ၊ လက်ခံ-ရ၊ ဆုံးမ သြဝါ မြတ် သုံးထွေ။

အကျဉ်းချုပ် သြဝါဒ ၃-ပါး

(၁) အပါယ်ဘေးငြိမ်းခွင့်၊ ဉာဏ်အဆင့်၊ အသင့် ရောက် ပါစေ။

(၂) တိုဉာဏ်ဖြင့်လဲ၊ မတော်ဘဲ၊ ဆင်းရဲငြိမ်းပါစေ။

(၃) ဖြစ်ပေါ်လာငြားး၊ စိတ်ကြမ်းများး၊ ပယ်ရှားနိုင်ပါစေ။

*

၁၃၃၂-ခုနှစ် နတ်တော်လပြည့်နေ့၌ ၂၁-ကြိမ်မြောက် နှစ်ပတ်လည် သြဝါဒခံယူပူဇော်ပဲ့ကို ကျင်းပသည်။ ထိုသြဝါဒခံယူပူဇော်ပဲ့၌လည်း ယခင်နှစ်က ဟောခဲ့သော ဓမ္မဒါယာဒသုတ် တရားတော်ကိုပင် အလှန်မြတ်နိုးဘွယ် ကောင်းသောကြောင့် ထပ်မံ၍ ဟောကြားခဲ့သည်။ အထူးမှာ ထိုနှစ်က ဆောင်ပုဒ်၌ ထိုသုတ်မှ အရှင်သာရိပုတ္တရာ၏ ဝေဘန်ချက်ကိုလည်း အောက်ပါး အတိုင်း ဖြည့်စွက်ဟောသည်။

အရှင်သာရိပုတ္တရာ၏ ဝေဘန်ချက်

၁။ ဆိတ်ငြိမ်တရား၊ မြတ်ဘုရား၊ ပွါးများထာဝစဉ်။

၂။ တပည့်တို့ကား၊ ထိုတရား၊ မပွါး မလိုက်လျှင် (၁)

၃။ ပယ်ရန်ညွှန်ကြား၊ တရားများ၊ ပယ်ရှား မပြုလျှင်(၂)

၄။ ပစ္စည်းများရေး၊ အလေးပေး၊ ကျင့်ရေး လျှော့ပေါ့လျှင်။

၅။ ဆုတ်ရန်ရှေးသွား၊ ကျင့်ရန်ကား၊ ချထားဝန်ရှိလျှင် (၃)

၆။ ထေရ်ကြီး-လတ်-ငယ်၊ ကဲ့ရဲ့ဘွယ်၊ သုံးသွယ် ငြိစွန်း သည်။

၇။ ဆိတ်ငြိမ်တရား တပည့်များ၊ ကျင့်ပုံကြလေလျှင် (၁)

၈။ ပယ်ရန်ညွှန်ကြား၊ တရားများ၊ ပယ်ရှားကြလေလျှင် (၂)

၉။ ပစ္စည်းများရန်၊ မရည်သန်၊ ကျင့်ရန် မလျှော့လျှင်။

၁၀။ ဆိတ်ငြိမ်ကျင့်ရေး၊ ရွှေဆောင်ပေး၊ ဆုတ်ရေး ပယ်ရှားလျှင် (၃)

၁၁။ ထေရ်ကြီး-လတ်-ငယ်၊ ချီးမွမ်းဘွယ်၊ သုံးသွယ်-ပြည့်စုံသည်။

၁။ လိုချင်တပ်မက်တဲ့-လောဘလဲ ယုတ်မာသည်၊ ပြစ်မှား ဖျက်ဆီးချင်တဲ့-ဒေါသလဲ ယုတ်မာသည်၊ လောဘကိုလဲ ပယ်ရန်၊ ဒေါသကိုလဲ ပယ်ရန် အလယ်လမ်းမှန် အကျင့်ရှိသည်၊ ဘယ်ဟာလဲ ဆိုလျှင်-မဂ္ဂင်ရှစ်ပါး မြတ် တရားပင် ဖြစ်သည်။

ဆုတရားမှာလည်း—

သမ္မာဒိဋ္ဌိ-မှန်စွာမြင်ခြင်း၊

သမ္မာသင်္ကပ္ပေါ-မှန်စွာကြံခြင်း၊

သမ္မာဝါစာ-မှန်စွာပြောဆိုခြင်း၊

သမ္မာကမ္မန္တော-မှန်စွာပြုလုပ်ခြင်း၊
သမ္မာအာဇီဝေါ-မှန်စွာ အသက်မွေးခြင်း၊
သမ္မာဝါယာမော-မှန်စွာ အားထုတ်ခြင်း၊
သမ္မာသတိ-မှန်စွာ အမှတ်ရခြင်း၊
သမ္မာသမာဓိ-မှန်စွာ စူးစိုက်တည်ကြည်ခြင်း-ဆိုတဲ့
ဤရှစ်ပါးပင် ဖြစ်သည်။

၂။ မှန်စွာ မြင်သိ ကြံမိ မှန်ကန်၊
မှန်စွာ ပြော-ပြု ရှာမှုလမ်းမှန်။
မှန်စွာကြောင့်ကြ မှတ်ရမှန်ကန်၊
စူးစိုက်ကပ် ရှစ်ရပ် မဂ်လမ်းမှန်။

၃။ အမျက်ထွက်တဲ့-ကောဓလဲ ယုတ်မာသည်၊ ရန်ငြိုးဖွဲ့တဲ့-ဥပနာဟလဲ ယုတ်မာသည်။

၄။ သူ့ကျေးဇူးကို ချေဖျက်တဲ့ မက္ခလဲ....၊ မြင့်မြတ်သူကို ဂုဏ်ပြိုင်တဲ့-ပဋ္ဌာသလဲ ယုတ်မာသည်။

၅။ မနာလိုတဲ့-ဣဿာလဲ....၊ ဝန်တိုတဲ့ မစ္ဆရိယလဲ ယုတ်မာသည်။

၆။ ကိုယ့်အပြစ်ကို ဖုံးကွယ်လှည့်စားတဲ့-မာယာလဲ....၊ မရှိတဲ့ ဂုဏ်နဲ့ ဝါကြွားစဉ်းလဲတဲ့-သာဌေယျလဲ ယုတ်မာသည်။

၇။ မကိုင်းညွတ် မရိုသေနိုင်တဲ့ ထမ္ဘလဲ...၊ နှိမ်ချိုးရန် သူ့ထက် ကျောအောင်ပြုတဲ့-သာရမ္ဘလဲ ယုတ်မာသည်။

၈။ အထင်ကြီးတဲ့-မာနလဲ....၊ ဘဝင်မြင့်တဲ့ အတိမာနလဲ ယုတ်မာသည်။

၉။ မာန်ယစ်ဘဲ့-မဒလဲ....၊ မေ့လျော့တဲ့-ပမာဒလဲ ယုတ်မာသည်။

မဒတရားအကျယ် ၂၃-ပါး

၁။ မျိုး, နွယ်, နာကင်း၊ ပျိုနုခြင်း၊ လွန်မင်းသက်ရှည်စ့ဉာ။

၂။ လာဘ်,,သက္ကာရ၊ လေးပြုကြ၊ ဖြစ်ရ ရွှေဆောင်ပါ။ (အနဝညာတကို အလေးပြုခြင်း သွင်းပါ။)

၃။ ခြံရုံ, ဘောဂ၊ ရုပ်ဆင်းလှ၊ သုတ, ပဋိဘာဉာ။

၄။ သက်ကြီး, ပိဏ္ဍ၊ ယာပထ၊ ယသ, ပြီးမြောက်တာ။

၅။ သီလ, စျာန၊ တတ်သိပ္ပ၊ ညီမျှ လုံးရပ်ပါ။ (သဏ္ဌာန ပါရိပူရိတို့ကို လုံးရပ်ညီခြင်း သွင်းပါ)

၆။ စွဲမှီပြုလျင်း၊ မာန်ယစ်ခြင်း၊ မယွင်းဖြစ်တတ်ပါ။

ပမာဒတရားအကျယ်

၁။ ဒုစရိုက်သုံးပါး၊ ကာမဂါး၊ စိတ်သွေးစေဘို့လွတ်ထား လျှင်။

၂။ ကုသိုလ်တရား၊ ပွါးဘို့ကား၊ လေးစား ကောင်းစွာ မပြုလျှင်။

၃။ မပြတ်မပွါး၊ စိတ်လျော့ငြား၊ လိုလား ဓုရ ချုထား လျှင်။

၄။ မမှီဝဲငြား၊ မပွါးများ၊ အားပါးမထုတ် နေခဲ့လျှင်။

၅။ သွားလာသောက်စား၊ ပျော်နေငြား၊ သူအားမဲ့လျော့ ခေါ်သည်ပင်။

*

၁၃၃၃-ခုနှစ် နတ်တော်လဆုတ် ၃-ရက်နေ့၌ ၂၂-ကြိမ် မြောက် နှစ်ပတ်လည် သြဝါဒခံယူပူဇော်ပွဲကို ကျင်းပသည်၊ ထို သြဝါဒခံယူပူဇော်ပွဲ၌ အဂ်္ဂတ္တရပါဠိတော် နှာ (၉၃)မှ အနာဂတ်ဘေး ငါးပါးတရားတော်ကို ဟော ကြားခဲ့သည်။ ထိုတရားဆောင်ပုဒ်မှာ အောက်ပါအတိုင်းပင် ဖြစ်သည်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော
အင်္ဂုတ္တရပါဠိတော်
အနာဂတဘယသုတ္တန် တရားတော် ဆောင်ပုဒ်မျှား

(က) နာဂတ်ဘေးမျှား၊ မြတ်ဘုရား၊ ငါးပါးဟောခဲ့သည်။
(ခ) "ခုမပေါ်သေး၊ လာမည့်ဘေး၊ မြော်တွေးသိရမည်။
(ဂ) သိပြီးလျှင်ကား၊ ထိုဘေးမျှား၊ ပယ်ရှားကြရမည်။"

၁။ ချို့ရဟန်းမျှား၊ ကိုယ်-မပွါး၊ သီ-ပွါးကင်းကြမည်။
၂။ စိတ်နှင့် ပညာ၊ ပွါးမှုမှာ၊ ဝေးကွာလွန်ချေမည်။
၃။ သို့ပါသော်ငြား၊ ရှင်သစ်မျှား၊ ဖြစ်ပွါးစေကြမည်။
(ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးကြမည်ဟု ဆိုလို၏။)
၄။ သီလစသား၊ ကျင့်ရန်ကား၊ ညွှန်ကြားမစုံးပြီ။
၅။ တပည့်တော့လဲ၊ နည်းတူဘဲ၊ မလွဲဖြစ်လိမ့်မည်။
၆။ ဤနည်းဖြင့်ပါ၊ ဝိနယ၊ ဓမ္မ ပျက်စီးမည်။
၇။ ဤကားဘယ၊ ပဌမ၊ သိရ ပယ်ရမည်။ (၁)
၈။ ထို့တူလေးဖြာ၊ ဘာဝနာ၊ ကင်းကွာနေကြမည်။
၉။ သို့ပါသော်လည်း၊ နိဿယည်း၊ ပေးပြီးနေကြမည်။
၁၀။ တပည့်တော့လဲ၊ နည်းတူဘဲ၊ မလွဲ ဖြစ်လိမ့်မည်။
၁၁။ ဤနည်းဖြင့်ပါ၊ ဝိနယ၊ ဓမ္မပျက်စီးမည်။
၁၂။ ဤကားဘယ၊ ဒုတိယ၊ သိရ ပယ်ရမည်။ (၂)
၁၃။ ထို့တူလေးဖြာ၊ ဘာဝနာ၊ ကင်းကွာ နေကြမည်။

၁၄။ အဘိဓမ္မ၊ ဝေဒလ္လ၊ ပြောကြ ဟောကြမည်။
(အမြတ်တရား၊ ဉာဏ်စကား၊ ပြောကြားကြလိမ့်)

၁၅။ မည်းညစ်တရား၊ ရောက်သော်ငြား၊ ထင်ရှားမသိပြီ။

၁၆။ ဤနည်းဖြင့်ပ၊ ဝိနယ၊ ဓမ္မပျက်စီးမည်။

၁၇။ ဤကားဘယ၊ တတိယ၊ သိရပယ်ရမည်။ (၃)

၁၈။ ထို့တူ လေးဖြာ၊ ဘာဝနာ၊ ကင်းကွာနေကြမည်။

၁၉။ ဘုရားဟောချက်၊ တရားနက်၊ မသက်ဝင်ကြပြီ။

၂၀။ ကဝိထွင်ထား၊ ပြင်တရား၊ လိုက်စားကြလိမ့်မည်။

၂၁။ ဤနည်းဖြင့်ပ၊ ဝိနယ၊ ဓမ္မ ပျက်စီးမည်။

၂၂ ဤကားဘယ၊ စတုတ္ထ၊ သိရ ပယ်ရမည်။ (၄)

၂၃။ ထို့တူလေးဖြာ၊ ဘာဝနာ၊ ကင်းကွာ နေကြမည်။

၂၄။ ပစ္စည်းများရေး၊ အလေးပေး၊ ကျင့်ရေး ပေါ့လျော့
မည်။

၂၅။ ရောက်-သိစေဟု၊ အားထုတ်မှု၊ မပြုကင်းကြမည်။

၂၆။ အတုလိုက်သွား၊ တပည့်မျာ့း၊ အလားတူကြမည်။

၂၇။ ဤနည်းဖြင့်ပ၊ ဝိနယ၊ ဓမ္မ ပျက်စီးမည်။

၂၈။ ဤကားဘယ၊ ပဉ္စမ၊ သိရ ပယ်ရမည်။ (၅)

(ဃ) ဤဘေးငါးဖြာ၊ ပယ်ဘို့ရာ၊ မြတ်စွာ မိန့်ခဲ့သည်။

သြဝါဒအကျဉ်းချုပ် သုံးပါး

(၁) အပါယ်ဘေးငြိမ်းခွင့်၊ ဉာဏ်အဆင့်၊ အသင့် ရောက်ပါစေ။

(၂) ထိုဉာဏ်ဖြင့်လဲ၊ မတော်ဘဲ၊ ဆင်းရဲငြိမ်းပါစေ။

(၃) ဖြစ်ပေါ်လာငြား၊ စိတ်ကြမ်းများ၊ ပယ်ရှားနိုင်ပါစေ။

*

၁၃၃၄-ခုနှစ် နတ်တော်လဆုတ် ၄-ရက်နေ့၌ ၂၃-ကြိမ်မြောက် နှစ်ပတ်လည် သြဝါဒ ခံယူပူဇော်ပွဲကို ကျင်းပသည်။ ထိုသြဝါဒခံယူပူဇော်ပွဲ၌ ယခင်နှစ်က ဟောခဲ့သော အနာဂတ-ဘယသုတ္တန် တရားတော်ကိုပင် အလွန်သတိပြုဘွယ် ကောင်းသောကြောင့် ထပ်မံ၍ ဟောကြားခဲ့သည်။

*

၁၃၃၅-ခုနှစ် နတ်တော်လပြည့်နေ့၌ ၂၄-ကြိမ်မြောက် နှစ်ပတ်လည် သြဝါဒခံယူပူဇော်ပွဲကို ကျင်းပသည်။ ထို သြဝါဒခံယူပူဇော်ပွဲ၌ ရဟန်းကောင်း ကျင့်စဉ် တရားဟော် ဟူသော အမည်ဖြင့် ဂေါလိယာနိသုတ် တရားတော်ကို ဟောကြားခဲ့သည်။ ထိုတရားတော်၏ ဆောင်ပုဒ်များမှာ အောက်ပါအတိုင်းပင် ဖြစ်သည်။

မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဏာသပါဠိတော်
ဂေါလိယာနိသုတ်
ရဟန်းကောင်း ကျင့်စဉ်တရားတော်
ဆောင်ပုဒ်များ

၁။ တောနေရှင်မြတ်၊ သံဃာကပ်၊ တုပ်ဝပ် ရိုသေရာ။
၂။ ကြီး-ငယ်တို့အား၊ မထိပါး၊ မြစ်တား ကင်းစေရာ။
၃။ ခန္ဓကဝတ်လဲ၊ မချတ်ပဲ၊ အမြဲ ကျင့်သုံးရာ။
၄။ ဆွမ်းခံဝင်လဲ၊ မစောပဲ၊ ပြန်လဲ မနှောင်းရာ။
၅။ ဆွမ်းမစားခင်၊ စားပြီးလျှင်၊ အိမ်ဝင်မလည်ရာ။
၆။ သံဃာ့ထံတော်၊ ကပ်နေသော်၊ လျှပ်ပေါ်ပျံ့လွင့်မရှိရာ။
၇။ ပြောဆိုကြမ်းတမ်း၊ နှုတ်သရမ်း၊ ရုန့်ကြမ်းကင်းစေရာ။
၈။ မိတ်ကောင်းရှိရယ်၊ ဆုံးမလွယ်၊ နှစ်သွယ် ပြည့်စုံရာ။
၉။ တောကျောင်းနေတုံ၊ ဣန်ခြောက်ဖုံ၊ လုံခြုံ စောင့်ရှောက်ရာ။
၁၀-၁၁။ ဘောဇဉ်တိုင်းရှေ၊ သိပါစေ၊ အိပ်နေ နည်းပါးရာ။
၁၂-၁၅။ ဝီရိ-သတိ၊ သမာဓိ၊ အသိပညာ ပြည့်စုံရာ။
၁၆။ အဘိခမ္မာ၊ ဝိနည်းမှာ၊ လေ့လာအားထုတ်ရာ။
၁၇။ ဝိမောက်သန္တ၊ အရှုပ၊ လေးဝစုံစေရာ။
၁၈။ လူမြတ်ဘရား၊ ရစေသား၊ ကြိုးစားအားထုတ်ရာ။
၁၉။ တဆဲ့ရှစ်ထွေ၊ဤဝတ်တွေ၊တောနေရဟန်းကျင့်သုံးရာ။
၂၀။ ရွာကျောင်းနေလဲ၊ နည်းဘူဘဲ၊ မလွဲ ကျင့်သုံး ရမည်သာ။

ဩဝါဒ—၄ [ဒုတိယအကြိမ်]

အကျဉ်းချုပ် ဩဝါဒ ၃-ပါး

၁။ အပါယ်ဘေးငြိမ်းခွင့်၊ ဉာဏ်အဆင့်၊ အသင့် ရောက်ပါ
စေ။
၂။ ထိုဉာဏ်ဖြင့်လဲ၊ မတော်ဘဲ၊ ဆင်းရဲငြိမ်းပါစေ။
၃။ ဖြစ်ပေါ်လာငြား၊ စိတ်ကြမ်းများ၊ ပယ်ရှားနိုင်ပါစေ။

*

၁၃၃၃-ခုနှစ် နတ်တော်လဆန်း ၉-ရက် တနင်္ဂနွေနေ့ ရန်ကုန်မြို့ သာသနာ့ရိပ်သာတွင် ဝိပဿနာကမ္မဋ္ဌာန်းစ၍ ပြုခဲ့သည်မှ ၂၅-နှစ် ပြည့်ခြမြောက်သည်ကို ရည်ညွှန်း၍ ငဉ့်ရတု သဘင်ဟူသော အမည်ဖြင့် နှစ်ပတ်လည် ဩဝါဒခံယူပူဇော်ပွဲကို အဆူးဘလည် ခမ်းနားစွာ ကျင်းပသည်၊ ထို ငဉ့်ရတုသဘင် ဩဝါဒခံယူပူဇော်ပွဲ၌ အထူးသဖြင့် အမှတ်တရဖြစ်စေရန် ဘုရား ရှင်တို့၏ ဩဝါဒပါတိမောက်တရားတော်ကိုပင် ထပ်၍ ဟော သည်၊ တရားဆောင်ပုဒ်များမှာ ၁၃၁၅-ခုနှစ် ၄-ကြိမ်မြောက် နှစ်ပတ်လည် ဩဝါဒ ခံယူပူဇော်ပွဲတုန်းက ဖြန့်ဝေခဲ့သော ဆောင်ပုဒ်များအတိုင်းပင် ဖြစ်သည်၊ သို့သော် အထူးမှတ်သား ရန် ဤအချို့ ထို့ဩဝါဒ ပါတိမောက် ဂါထာတို့၏ အနက်ကို ဖော်ပြပါမည်။

(၁) တိတိက္ခာ-ချုပ်တည်း ခံလင့်ခြင်း ဟူသော၊ (ဤ ဝိသေသနဖြင့် ဓမ္မနိဗ္ဗာနခန္တီခေါ် နှစ်သက် သဘောကျသည့် ဉာဏ်ခန္တီ မဟုတ်ဟု သိစေ၏) ခန္တီ-သည်းခံခြင်းသည်၊ ပရမံ-မြတ်သော၊ တပေါ-(သီလစသည်တို့၏ ဆန့်ကျင်ဘက် ကိလေ

သာတို့ကို ပူလောင် ခြောက်သွေ့စေသည့်) အကျင့်ပေတည်း။ [တိတိက္ခာသဒ်ါတာ-တိတိက္ခာ ဟု ဆိုအပ်သော၊ အဓိဝါသန-ခန္တိ-မိမိအပေါ်၌ တက်နေစေခြင်း-ခံလင့်ခြင်း ဟူသော၊ ခန္တိ-(သည်းခံခြင်း)သည်။ဥတ္တမံ-မြတ်သော၊တပေါ-အကျင့်ပေတည်း။ ဤဘိ အတ္ထော-ဤကား "ခန္တိ ပရမံ တပေါ တိတိက္ခာ" ဟူသော အပိုဒ်၏ အနက်။ ဤအဋ္ဌကထာအပ္ပင့်၌ အဓိဝါသန-ပုဒ်ဖြင့် သည်းခံခြင်းဟူသော အနက်ကိုပင် ပြ၏၊ သဒ္ဒါနက်အားဖြင့် အဓိ-မိမိ၏အထက်၌၊ဝါ-မိမိအပေါ်၌ တက်၍+ဝါသန-နေစေခြင်း= အဓိဝါသန-မိမိ၏ အထက်၌ နေစေခြင်း၊ ဝါ-မိမိအပေါ်၌ တက်၍ နေစေခြင်း-ဟု အနက်ရ၏။ ဆိုလိုသော အနက်မှာမူ သည်းခံခြင်းဟူ၍ပင် ဖြစ်သည်၊ထိုပုဒ်၌ အဓိ-သဒ္ဒါကို အကြောင်း ပြု၍ "အလွန်သည်းခံခြင်း" ဟူ၍ကား မပြုန်အပ်၊ အဓိ-ကို အလွန်ဟူပြုန်လျှင် အဓိဝါသန-အလွန်နေခြင်းဟူ၍ မလိုအပ်သော အနက်ကိုသာ ရရာ၏။ ထို့ပြင် တိတိက္ခာ-ပုဒ်, အဓိဝါသန-ပုဒ်တို့ဖြင့် ခန္တိ-ပုဒ်ကို အထူးပြုခြင်းသည် "အသိညာဏ်မဟုတ်, သည်းခံခြင်းသာ" ဟု သိစေရန်ဖြစ်သည်၊ အကယ်၍ "အလွန်သည်းခံခြင်း" ဟု အနက်ပြုန်လျှင် မည်၍မည်မျှအထိ သည်းခံလျှင် သာမန်သည်းခံခြင်း မည်ပါသနည်း၊ မည်၍မည်မျှအထိ သည်းခံမှ "အလွန်သည်းခံခြင်းမည်ပါသနည်း" ဟုသံသယဖြစ်ဖွယ်, မေးဖွယ်ရှိ၏၊ ထိုအမေးကို ပြေလည်အောင် ဖြေနိုင်မည် မဟုတ်ပေ။ စင်စစ်သော်ကား တိတိက္ခာ, အဓိဝါသနံ, ခန္တိ-ဟူသော ဤသုံးပုဒ်သည် ဤအရာ၌ သည်းခံခြင်းအနက်ဟော အနက်တူပုဒ်များသာ ဖြစ်သည်၊ ထို့ကြောင့်ပင် "တိတိက္ခနံ ခမနံ တိတိက္ခာ" ဟူ၍

၎င်း၊ "ခန္တိယာ ဧဝ ဝေဝစနံ"ဟူ၍၎င်း အဌကထာဋီကာတို့၌ မိန့်ဆိုကြပေသည်။ သို့ဖြစ်၍ အမျက်ဒေါသကို ချုပ်တည်း၍ သည်းခံခြင်းဟူသမျှသည် မြတ်သော အကျင့်ချည်းသာဖြစ်သည်၊ သံဝရငါးပါးတို့တွင် ခန္တီသံဝရချည်းသာ ဖြစ်သည်၊ တရားကိုယ်အားဖြင့် သည်းခံသည့် အခြင်းအရာအားဖြင့် ဖြစ်သော အဒေါသ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်, သို့မဟုတ် အဒေါသပင်ဟူ၍ မှတ်အပ်၏။ ထို့ကြောင့် ဝိသုဒ္ဓိမဂ် မဟာဋီကာ (ပ-၂၆)၌ "ခန္တိသံဝ-ရော အဓိဝါသနာ၊ သာ စ တထာပဝတ္တာ အဒေါသပဓာနာ ခန္ဓာ, အဒေါသော ဧဝ ဝါ"ဟု ဖွင့်ပြထားပေသည်။]

နိဗ္ဗာနံ-နိဗ္ဗာန်ကို၊ ပရမံ-အမြတ်ဆုံးဟူ၍၊ ဗုဒ္ဓါ-ဘုရားရှင်တို့သည်၊ ဝဒန္တိ-မိန့်ဆိုဟောကြားကုန်၏။ ပရူပဃာတီ-သူတပါးကို ညှဉ်းဆဲသောသူသည်၊ ဝါ-သူဘပါးကို သတ်သော သူသည်၊ န ပဗ္ဗဇိတော-ကိလေသာကို နှင်ထုတ်တတ်သော ရှင်ရဟန်းမဟုတ်။ ပရံ ဝိဟေဌယန္တော-သူတပါးကို ညှဉ်းဆဲသောသူသည်၊ န သမဏော-ကိလေသာ ငြိမ်းသူ ရဟန်းမဟုတ်။

(၂) သဗ္ဗပါပဿ-အလုံးစုံသော မကောင်းမှု အကုသိုလ်ကို၊ အကရဏံ-မပြုခြင်း-မဖြစ်စေခြင်း၎င်း၊ ကုသလဿ-အရဟတ္တမဂ်အထိ ·ကုသိုလ်အားလုံးကို၊ ဥပသမ္ပဒါ – ပြည့်စုံစေခြင်း၎င်း၊ သစိတ္တပရိယောဒပနံ-မိမိ၏စိတ်ကို (အရဟတ္တဖိုလ်ဖြင့်) ဖြူစင်တောက်ပစေခြင်း၎င်း၊ ဧတံ·ဤသုံးပါးသည်၊ ဗုဒ္ဓါနံ-ဘုရားရှင်တို့၏၊ သာသနံ-အဆုံးအမတော်ပေတည်း။

[ကုတိ-ဤသို့လျှင်၊ သီလသံဝရေန-သီလ တည်းဟူသော ပိတ်ဆို့ စောင့်စည်းမှုဖြင့်၊ သဗ္ဗပါပံ-အလုံးစုံသော မကောင်းမှု အကုသိုလ်ကို၊ ပဟာယ-ပယ်၍။ သမထဝိပဿနာဟိ-သမထ ဝိပဿနာတို့ဖြင့်၊ ကုသလံ-ကာမ, ရူပ, အရူပကုသိုလ်နှင့် အရိယ မဂ်ကုသိုလ်ကို၊ သမ္ဘာဒေတ္ဝာ-ပြည့်စုံစေ၍၊ အရဟာတ္တဖလေန-အရဟာတ္တဖိုလ်ဖြင့်၊ စိတ္တံ-စိတ်ကို၊ ပရိယောဒပေတဗ္ဗံ-ဖြူစင်စေအပ်၏-ဟူ၍ အဋ္ဌကထာ၌ ဖွင့်ပြထားသောကြောင့် ပဌမအပိုဒ်အရ သီလဖြင့် အကုသိုလ်ကို ပယ်ရမည်။ လူမှာ လူတို့၏ သီလဖြင့်၊ ရဟန်းမှာ ရဟန်းတို့၏ သီလဖြင့် ပယ်ရမည်။ ဒုတိယအပိုဒ်ဖြင့် သမထဘာဝနာ ဝိပဿနာဘာဝနာအလုပ်တို့ဖြင့် ကာမကုသိုလ် ရူပကုသိုလ် အရူပကုသိုလ် မဂ်ကုသိုလ်တို့ကို ပြည့်စုံအောင် အားထုတ်ရမည်၊ ထိုသို့အားထုတ်၍ အရဟာတ္တမဂ်သို့ ရောက်လျှင် စိတ်သည် စင်ကြယ်၏၊ သို့သော် အရဟာတ္တဖိုလ်သို့ရောက်မှ စင်ကြယ်ခြင်းကိစ္စ လုံးဝပြီးဆုံးသည်။ ထို့ကြောင့် တတိယ အပိုဒ်ဖြင့် အရဟာတ္တဖိုလ်ဖြင့် စိတ်ကိုဖြူစင်စေရမည်ဟု အဋ္ဌကထာ၌ ဆိုပေသည်။]

အနုပဝါဒေါ-သူတပါးကို မစုပ်စဲ့ခြင်းငှင်း၊ အနုပဃာတော-သူတပါးကို (ကိုယ်ဖြင့်) မညှဉ်းဆဲခြင်းငှင်း၊ ပါတိမောက္ခေ စ သံဝရော-ပါတိမောက်သီလ၌ စောင့်စည်းပိတ်ဆို့ခြင်းငှင်း၊ မတ္တညုတာ စ ဘတ္တသ္မိံ-စားဘွယ်၌ ခံယူခြင်း သုံးဆောင်ခြင်း အလို အားဖြင့် အတိုင်းအရှည်ကို သိခြင်းငှင်း၊ ပန္တဉ္စ သယနာသနံ-အစဉ်ကျသော တောကျောင်း၌ နေခြင်းငှင်း၊ အဓိစိတ္တေ-

မဟာစည် သြဝါဒကထောပေါင်းချုပ်

အလွန်မြတ်သော စိတ်အလုပ်၌၊ ဝါ-သမထဝိပဿနာ အလုပ်၌၊ အာယောဂေါ စ-မပြတ် အားထုတ်ခြင်းငင်း၊ ဧတံ-ဤ ၆-ပါး သည်၊ ဗုဒ္ဓါနုံ-ဘုရားရှင်တို့၏၊ သာသနံ-အဆုံးအမတော်ပေတည်း။

ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌ ဝိပဿနာကမ္မဋ္ဌာန်း စတင်ပြခဲ့သည်မှ ၂၅-နှစ်အတွင်း နှစ်ပတ်လည် မဟာစည် သြဝါဒကထောပေါင်းချုပ်

ဤတွင် ပြီး၏။

ရည်ရွယ်ချက်ပြည့်စုံသော

သြကာသ ကန်တော့ခန်း

သြကာသ၊ သြကာသ၊ သြကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော အပြစ်ခပ်သိမ်း၊ ပပျောက်ငြိမ်း၍၊ အသက်ရှည်စွာ၊ အနာမဲ့ရေး၊ ရန်ဘေးကင်းကြောင်း၊ ကောင်းမှုမဂ်လာ၊ ဖြစ်ပါစေခြင်းအကျိုးငှာ၊ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ တည်းဟူသော၊ ရတနာ မြတ်သုံးပါး၊ (ဆရာသမား)တို့ကို အရိုအသေ၊ လက်အုပ်မိုး၍၊ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှော့၊ ကန်တော့ပါ၏(အရှင်ဘုရား။)

(ဆုပေးမည့်ပုဂ္ဂိုလ်ရှိလျှင် ဤတွင်ရပ်ပါ၊ ဆုပေးမည့်ပုဂ္ဂိုလ် မရှိလျှင် အောက်ပါအတိုင်း ဆက်၍ ရွတ်ဆိုဆုတောင်းပါ။)

ကန်တော့ရသော ဤ ကောင်းမှုကံ စေတနာတို့ကြောင့်၊ အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျာသနတရားငါးပါး၊ အနာမျိုး ၉၆-ပါး၊ မိစ္ဆာဒိဋ္ဌိ ၆၂-ပါးတို့မှ အခါခပ်သိမ်း၊ ကင်းလွတ်ငြိမ်းသည်သာဖြစ်၍၊ မင်္ဂလာရား၊ ဖိုလ်တရား၊ နိဗ္ဗာန် တရားတော် မြတ်ကို၊ လျင်မြန်စွာ၊ ရပါလို၏(အရှင်ဘုရား။)

မှတ်ချက်။ ။ဤ ကန်တော့ခန်းဌာ (ဆရာသမား)ဟူသော ဤ စကားမှာ ဆရာသမားတို့ကို ကန်တော့သော အခါဌာ ထည့်ဆိုရန် ဖြစ်သည်။ မိခင်, ဘခင် စသည်တို့ကို ကန်တော့သော အခါမျှားဌာမူကား (မိခင်, ဘခင်, အဘိုး, အဘွား, ဦးကြီး, အရီး) စသည်တို့ကို လဲလှည် ထည့်သွင်း၍ ဆိုရမည်။

(အရှင်ဘုရား) ဟူသော စကားမှာလည်း ရတနာသုံးပါး, ရဟန်းသံဃာတို့ကို ကန်တော့သောအခါဌာသာ ဆိုရန် ဖြစ်သည်။

ရန်ကုန်မြို့ သာသနာ့ရိပ်သာ တရားပွဲမျှားဌာ အထက်ပါ ဩကာသ ကန်တော့ခန်းဖြင့် တထောင် နှစ်ထောင်မျှ မကပရိသတ်မျှားစွာ အညီအညာရှတ်ဆို၍ ပူဇော်ကန်တော့ကြသည်။

အကျဉ်းချုပ် ဩဝါဒသုံးပါး

(၁) အပါယ်ဘေးငြိမ်းခွင့်၊ ဉာဏ်အဆင့်၊
အသင့်ရောက်ပါစေ။

(၂) ထိုဉာဏ်ဖြင့်လဲ၊ မတော်ဘဲ၊
ဆင်းရဲငြိမ်းပါစေ။

(၃) ဖြစ်ပေါ်လာငြား၊ စိတ်ကြမ်းမျှား၊
ပယ်ရှားနိုင်ပါစေ။